ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (3-9-2008) (၅၇၉၀)

ဂါရဝေါစ တော် မင်္ဂလ မုတ္တမံ

ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်ရှိ အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ မဟာအောင်မြေမြို့နယ် အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဩဂုတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေး မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်ရှိ အမှတ်(၃၄) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၉၅ ရာခိုင်နှုန်းပြီးစီး

ယင်းကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ စာသင်ခန်းသုံးခန်းပါ တစ်ထပ်စာသင်ဆောင်ဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

အဆိုပါကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၆၀ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များပြီးစီး၊ ဆီမီးဖိုင်နယ်သို့ တက်

ရန်ကုန် စက်တင်ဘာ ၂

၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

အလွတ်တန်းအမျိုးသားပွဲစဉ်၌ သံလွင်အသင်းနှင့် လယ်/ဆည်အသင်းတို့ ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

အမျိုးသမီးပွဲ

ယနေ့ကျင်းပသော ပွဲစဉ်များတွင် ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းအသင်းက မိုးကုတ်အသင်းကို(၅၇-၄၀)မှတ်၊ မကွေးတိုင်းအသင်းက စစ်ကိုင်းတိုင်းအသင်းကို (၅၅-၃၆)မှတ်၊ အမျိုးသားပြိုင်ပွဲ၌ မိုးကုတ်အသင်းက B.Boy အသင်းကို (၉၃-၅၀)မှတ်၊ Eragon(A) က Golden Light House အသင်းကို (၇၇-၅၄)မှတ်၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲ၌ ပြည်ထဲရေး

စာမျက်နှာ ၈ ကော်လံ ၁ သို့✳

လေ့ကျင့်ခန်းစက်များ အသုံးပြုသူ အသက်ပိုရှည်မည်ဟုဆို။

ကျန်းမာရေးဆိုင်ရာ အင်တာနက်သတင်း

စာမျက်နှာ-၁၀

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❒ လူတိုင်းစာတတ်မြောက်ဖို့ ဝိုင်းဝန်းကြိုးပမ်းစို့ (နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထူးဆောင်းပါး) — စာမျက်နှာ-၆
❒ အမှိုက်ထင်းမှ ရွှေယမင်းဖန်တီးသူများ (သတင်းဆောင်းပါး) — စာမျက်နှာ-၈
❒ ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင်ကညွတ် (သတင်းဆောင်းပါး) — စာမျက်နှာ-၁၀

ကြေးမုံ
The Mirror
၃-၉-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

သီးနှံအောင်မြင် အထွက်နှုန်းတိုးတက်ရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးဦးကောင်းစွာရွာသွန်းခဲ့သည်။

ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မိုးစပါးများ အချိန်မီစိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ စပါးအထွက်တိုးရန် အလားအလာကောင်းမွန်သည်။ တစ်ဧကစပါးအထွက်နှုန်း တိုးတက်ထွက်ရှိရေး ဆက်လက် ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

သီးနှံအထွက်တိုးရေးတွင် မျိုးစပါးသည် အဓိကကျသဖြင့် အထွက်တိုးစပါးမျိုးများ အသုံးပြုစိုက်ပျိုးလျက်ရှိသည်။ စပါးစိုက်ပျိုးရာတွင် စိုက်နည်းစနစ် မှန်ကန်စွာ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်သုံးစွဲရေးတို့သည်လည်း အရေးပါသည်။

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများတွင် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စေတနာရှင်၊ အလှူရှင်များက မျိုးစပါး၊ လက်တွန်းထွန်စက်၊ ဒီဇယ်ဆီနှင့် ကျွဲ၊ နွား စသည်တို့ကို ထောက်ပံ့ကူညီ ဖြည့်ဆည်းပေးခဲ့ကြသည်။

ယခုအခါ ဒေသခံတောင်သူလယ်သမားများက မိမိတို့ရရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီမှုများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းလုပ်ကိုင်ခဲ့ကြရာ စိုက်ဧကများ အပြည့်အဝနီးပါး စိုက်ပျိုးနိုင်ခဲ့ကြပြီဖြစ်သည်။ အဆိုပါ စိုက်ပျိုးပြီးစပါးများ ရှင်သန်အောင်မြင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဖော်ဆောင် ကြရမည်ဖြစ်သည်။

အထူးသဖြင့် စိုက်ပျိုးပြီးသီးနှံများ အောင်မြင်ရေးအတွက် စိုက်ပျိုးရေး အခြေခံသွင်းအားစုများ စိုက်ပျိုးရာသီချိန်အတွင်း ရရှိအသုံးပြုနိုင်ရေး ဆက်လက်ထောက်ပံ့ ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ စပါးများ စိုက်ပျိုးပြီးစီးချိန်တွင် တစ်ကြိမ်၊ စပါးအသီးအရည်တည်ချိန်တွင် တစ်ကြိမ် ဓာတ်မြေဩဇာများ ပုံမှန်ထည့်သွင်းပေးခြင်းဖြင့် အပင်လည်းရှင်သန်၊ အသီးအနှံများလည်း အောင်မြင်ဖွံ့ထွားလာမည်ဖြစ်သည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးအခြေခံသွင်းအားစုများ အချိန်မီ ရရှိအသုံးပြုနိုင်ရန်အတွက် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာတို့ကလည်း ပံ့ပိုးကူညီ၊ တောင်သူလယ်သမားများ အပိုင်းကလည်း စိုက်ပျိုးရာသီချိန်အလိုက် လုပ်ဆောင်ဖွယ်ရာများကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ရည်မှန်းချက်နှင့်အညီ သီးနှံဖွံ့ဖြိုး တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

တိုက်ကြီးမြို့နယ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်မြောက်ပိုင်းခရိုင်တိုက်ကြီးမြို့နယ်တွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသောသစ်ပင်များ အစားထိုး စိုက်ပျိုးပွဲကို အကွက်အမှတ်(၂၄)တောင်လှိုင်ရိုးမကြိုးဝိုင်း ခရိုင်ချင်းဆက်လမ်းဘေး ဝဲ၊ ယာ၌ ကျင်းပရာ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီး အောင်သီဟ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြတ်ကျော်တို့ တက်ရောက်အားပေးပြီး မြို့နယ် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းအင်အား ၅၀၀ ခန့်တို့က ကျွန်းပင် ၁၈၀၀၊ ပျဉ်းကတိုးပင် ၁၂၅၀၊ မဲဇလီပင်၁၂၀၀၊ အော်ရေးရှားပင် ၁၂၀၀ စုစုပေါင်းပျိုးပင်ပေါင်း ၅၄၅၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။**(အပေါ်ပုံ)**

(၅၂၆)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဂုဏ်ပြုပြန်းခြင်း ပေးအပ်

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်ဇနီးဒေါ်ကြင်မြိုင်တို့ ရန်ကုန်တိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲတွင် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ရန်ကုန်တိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကိုစက်တင်ဘာ ၁ရက် နံနက် ၇ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ပြီး တိုင်းမှူးနှင့်ဇနီးတို့က ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၁၄၄ ဦး၊ ဝါသနာရှင် ဒုတိယတန်းပြိုင်ပွဲ၌ ပြိုင်ပွဲဝင် ၂၅၄ ဦး စုစုပေါင်း ၃၉၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို စက်တင်ဘာ ၂ ရက်အထိ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း (၁၅/၂၀၀၈) သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၇-၂၀၀၈ ပညာသင်နှစ် အမက(၅) အင်းစိန် မိဘဆရာအသင်း(ဒုတိယအကြိမ်) အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၃၀ ရက်က ကျင်းပရာ ပထမတန်းမှ စတုတ္ထတန်းအထိ လေးနှစ်ဆက်တိုက်ဆုရသော မောင်ရှိုင်းလင်းထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်သွဲ့ဖော ဆုချီးမြှင့်စဉ်။ (ပညာရေး)

စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း (၁၅/၂၀၀၈)သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း (၁၅/၂၀၀၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရှိမြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့် စည်းရုံးရေးသင်တန်း (၁၅/၂၀၀၈) သင်တန်းဖွင့်ပွဲများကို မန္တလေးမြို့ ရေတံခွန်တောင်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့လေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)နှင့် မကွေးမြို့မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း (မကွေး)တို့၌လည်းသင်တန်းသား ၅၀ စီဖြင့် တစ်ပြိုင်တည်း ဖွင့်လှစ်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်စီ ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက
ခနိးခနဲ့ ဆိုကဲ့ရဲ့လည်း
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည် လုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများ နည်းပညာဖလှယ်ညှိနှိုင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

မုံရွာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲပိုင်းတွင် မုံရွာစက်မှုဇုန် သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ ချင်းတွင်းရတနာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကား ပြောကြားရာတွင် စက်မှုထွန်းကားသည့်နိုင်ငံများ၌ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ စက်မှုကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေး၊ မုံရွာ၊ တောင်ကြီး (အေးသာယာ)စက်မှုဇုန်များတွင် ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံများနှင့် ရန်ကုန်မြို့တွင် မိုနှင့်ဒိုင် ထုတ်လုပ်သည့် စက်ရုံများကို နိုင်ငံတော်က ငွေကြေးအကူအညီ၊နည်းပညာ အကူအညီများပေးကာ အားပေးထူထောင်ပေးခဲ့ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စက်မှုဇုန်များနှင့် အစိုးရဌာနများအချင်းချင်း နည်းပညာဖလှယ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့်စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးရှိသောပစ္စည်းများ ထုတ်လုပ်ရန်၊ အဆိုပါပစ္စည်းများ အရေအတွက် တိုးထုတ်ရန်နှင့် လုပ်သားများ အရည်အချင်းမြင့်မားစေရေး ကြိုးစားဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက မုံရွာစက်မှုဇုန်မှ ဆောင်ရွက်လျက်ရှိသော ထုတ်ကုန်လုပ်ငန်းများအခြေအနေ၊ ချင်းတွင်းစတားမော်တော်ယာဉ်များ ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သီဟထွန်းကုမ္ပဏီလီမိတက် သံရည်ကျိုနှင့် စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ၏ စက်ပစ္စည်းအလုပ်ရုံ၊ သံပုံထောင်းအလုပ်ရုံ၊ သံရည်ကျိုအလုပ်ရုံတို့၌ ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထုတ်လုပ်ပြီး စက်ပစ္စည်းများထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Deputy Regional Representative, Mr. Hiroyuki Konuma လာရောက်တွေ့ဆုံစဉ်။ (သစ်တော)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှ ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံးမှ Deputy Regional Representative ,Mr. Hiroyuki Konuma နှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ရုံးမှ ဌာနေကိုယ်စားလှယ် Dr. Shin Imai တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အတီးပြိုင်ပွဲ
- ၇း၅၀ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၀၅ ၆။ **၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (ဝါသနာရှင်-ပထမတန်းအဆင့်) (အမျိုးသမီး)**
- ၈း၃၀ ၇။ International News.
- ၈း၄၅ ၈။ တေးဂီတအစီအစဉ်
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပဒေသာ
- ၄း၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄း၃၀ ၄။ တေးဂီတအစီအစဉ်
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၅၅ ၆။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၅း၁၀ ၇။ ၂၀၀၈ ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး၊ ခေတ်ဟောင်းတေး) (ဝါသနာရှင်-ပထမတန်းအဆင့်) (အမျိုးသမီး)
- ၅း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသ အခြေအနေ
- ၆း၃၅ ၁၁။ မြန်မာ့ဓလေ့ ရိုးရာလက်ဆွေ့
- ၆း၅၅ ၁၂။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၇း၂၀ ၁၃။ "ဆိုလိုက်ကြစို့"
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာ သတင်းများ
- ၁၆။ မိုးလေဝသ အခြေအနေ
- ၁၇။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ပြဇာတ်ပြိုင်ပွဲ) "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့မြေ" (ဒုတိယဆု) (ပဲခူးတိုင်း)**
- ၁၈။ အစီအစဉ်ပြီး၏။

ကျောက်ဖြူမြို့တည် နှစ်(၁၈၀)ပြည့် မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ရန်ကုန် စက်တင်ဘာ ၂

ကျောက်ဖြူအသင်း(ရန်ကုန်)မှ ကျောက်ဖြူမြို့တည် နှစ်(၁၈၀)ပြည့်အထိမ်းအမှတ် မဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ ကျောက်ဖြူမြို့နှင့် ပတ်သက်သည့် သမိုင်း၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ ဆောင်းပါးများ၊ ဝတ္ထုတို၊ ကဗျာ၊ ပုံပြင်၊ ဟာသစာမူများကို နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဦးစံမြ (ဥက္ကဋ္ဌ) အမှတ်(၁၃၇) မြေညီထပ် (၃၈)လမ်း ကျောက်တံတားမြို့နယ် ဖုန်း-၃၈၈၆၀၈၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း) အမှတ်(၃၄၉) ဇေယျာ(၈)လမ်း၊ (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း-၅၆၄၆၆၂၊ ဦးအောင်ကျော်ဇံ အမှတ်(၆၉) ခြောက်လွှာ ကျောက်မြောင်းလမ်း တာမွေမြို့နယ် ဖုန်း-၀၉၅၁၃၈၅၁၃ တို့ထံ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တရုတ်နိုင်ငံ ငလျင်ဒဏ်ခံရသော စီချွမ်ပြည်နယ် မိုင်းယမ်ဒေသတွင် စက်တင်ဘာ ၁ ရက်က ယာယီ ဘေချွမ်းအလယ်တန်းကျောင်းဖွင့်ပွဲသို့ ဝန်ကြီးချုပ် ဝမ်ကျားပေါင် တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘောဒီးယားတွင် လယ်သမားများအတွက် ထောက်ပံ့ရေးစီမံကိန်းများကုလသမဂ္ဂ စတင်အကောင်အထည်ဖော်

ဖနွမ်းပင် စက်တင်ဘာ ၁

လယ်သမားများ၏ဆင်းရဲကျပ်တည်းမှုများကို တိုက်ဖျက်ပေးရန်နှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကမ္ဘောဒီးယားနိုင်ငံမှ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဆိုင်ရာဝန်ကြီးဌာန(အမ်အေအက်ဖ်အက်ဖ်)နှင့် ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ် (အက်ဖ်အေအို)တို့ ပူးပေါင်း၍ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (တီစီပီ)ကိုရေးဆွဲလျက် အရေးပေါ် စီမံကိန်းတစ်ရပ်ကို ကမ္ဘောဒီးယားနိုင်ငံတွင် စနေနေ့က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါ စီမံကိန်းအား မိုးရာသီဖြစ်သည့် ၂၀၀၈ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအတွင်းနှင့်ပူပြင်းရာသီဖြစ်သည့် ၂၀၀၈ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလ အတွင်းတွင် မဆိုင်းမတွ အကောင်အထည်ဖော်သွားရန်ဦးတည်ဆောင်ရွက်လျက်ရှိသည်။ သို့မှသာ လာမည့်ရိတ်သိမ်းချိန်တွင် သီးနှံအထွက်နှုန်းတိုးတက်လာပြီး ရိက္ခာဈေးနှုန်းများ ကျဆင်းနိုင်မည်ဟု မျှော်လင့်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရေနံဈေးနှုန်းများ မြင့်တက်မှုကြောင့် စီးပွားရေး အကျပ်အတည်းများဖြစ်ပေါ်ကာ လယ်သမားများကို ဆင်းရဲကျပ်တည်းစေခြင်း အပေါ် ဖြေရှင်းပေးနိုင်ရန်အတွက် မြေဩဇာထောက်ပံ့ခြင်း စီမံကိန်းလည်းပါဝင်ကြောင်း သိရှိရသည်။

အဆိုပါ စီမံကိန်း၏ နောက်ဆုံးအဆင့်ကို အကောင်အထည်ဖော်သည့်အနေဖြင့် တာကီအိုပြည်နယ် ဘာတီဒေသတွင် ဩဂုတ်လ ၂၈ရက်က ဆင်းရဲသား လယ်သမားများအား မျိုးစပါးများ ဖြန့်ဝေခြင်းအခမ်းအနားကို ကျင်းပခဲ့သည်။

အက်ဖ်အေအို၏ ရေတိုရေရှည် စီမံကိန်းများသည် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဆည်မြောင်းရေပေးဝေခြင်းနှင့် သိုလှောင်ရုံစနစ်များ ကောင်းမွန်စေရန် အလေးထား၍ လုပ်ဆောင်မည်ဖြစ်သည်။ ဤသို့အားဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ကူညီဆောင်ရွက်ရေး အစီအစဉ်များကို ပိုမိုသဘောပေါက်နားလည်လာစေရန် ရည်ရွယ်ကြောင်း အက်ဖ်အေအို၏ သတင်းထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါအစိုးရအဖွဲ့ တိုးချဲ့ဖွဲ့စည်း

ခတ္တမန္ဒူ စက်တင်ဘာ ၁

နီပေါနိုင်ငံအစိုးရအဖွဲ့ကို တနင်္ဂနွေနေ့ ညနေပိုင်းတွင် ဝန်ကြီး၁၅ဦးတို့၍ ကျမ်းသစ္စာ ကြိမ်ဆိုခြင်းဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

ဒေသဆိုင်ရာသတင်းဝက်ဘ်ဆိုက်တစ်ခုအရ ဒေသစံတော်ချိန် ၁၆နာရီ ၄၅မိနစ် (ကမ္ဘာ့စံတော်ချိန် ၁၁း၀၀) နာရီတွင် ဝန်ကြီး ၁၅ဦးတို့သည် သမ္မတ ၏စံအိမ်တော်တွင်သမ္မတနှင့် ဝန်ကြီး ချုပ်တို့၏ ရှေ့မှောက်၌ ကျမ်းသစ္စာ ကြိမ်ဆိုခဲ့ကြသည်။

ထို ၁၅ဦးမှာ ဝန်ကြီးချုပ်၏ ပရာချန်ထရာပါတီ ကွန်မြူနစ်ပါတီ (စီပီအင်န်-အမ်) ကွန်စတီကျူရှင်အက်ဘင်ဘလီပါတီ၊ ကွန်မြူနစ်ပါတီ (စီပီအင်န်-ယူအမ်အယ်လ်) နှင့် အခြားပါတီငယ်သုံးခုမှဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အော်ဆက်တီးယားအရေးတွင် ရုရှားလုပ်ဆောင်ချက် မှန်သည်ဟု ပူတင်ပြောကြား

မော်စကို စက်တင်ဘာ ၁

ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်ကငင်း၏နိုင်ငံသည်တောင်အော်ဆက်တီးယားပြဿနာတွင် နိုင်ငံတကာ ဥပဒေနှင့်အညီ မှန်ကန်စွာ၊ သိက္ခာရှိစွာဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု တနင်္ဂနွေနေ့က ပြောကြားသည်ကို ကိုးကား၍ ရုရှားသတင်းဌာနများက ဖော်ပြသည်။

ပူတင်သည် ရုရှားဗက်စ်တီ-၂၄ ရုပ်မြင်သံကြားနှင့် တွေ့ဆုံခန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လအစောပိုင်းကဂျော်ဂျီယာနိုင်ငံသည် ခွဲထွက်သွားသော တောင်အော်ဆက်တီးယားဒေသသို့လက်နက်ကိုင်တပ်ဖွဲ့များစေလွှတ်ရာ ရုရှားတပ်ဖွဲ့များ၏ တန်ပြန်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ ထိုအရေးအခင်းကို ပြင်သစ်နိုင်ငံ၏ ကြားဝင်ဖျန်ဖြေ စေ့စပ်ပေးမှုဖြင့် တီဘီလီစီနှင့်မော်စကိုတို့ အပစ်အခတ်ရပ်စဲရန် သဘောတူညီမှုရယူ၍ အဆုံးသတ်ခဲ့သည်။

ရုရှားနိုင်ငံသည် ပြီးခဲ့သည့်အင်္ဂါနေ့က တောင်အော်ဆက်တီးယားနှင့် အက်ခါဇီယာတို့လွတ်လပ်ရေးကြေညာချက်ကို အသိအမှတ်ပြုခဲ့သည်။ ထိုလုပ်ဆောင်မှုကြောင့် ရုရှားနှင့် အနောက်အုပ်စု ဆက်ဆံရေးတွင် တင်းမာမှု ပိုမိုဖြစ်ပေါ်လာစေသည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားကို ဥရောပမှ အရေးယူရေး ဂျော်ဂျီယာ မကြိုးပမ်းဟုဆို

အစ္စတန်ဘူလ် စက်တင်ဘာ ၁

ဥရောပအနေဖြင့် ရုရှားနိုင်ငံအား အရေးယူသည့်ကိစ္စကို လုပ်ဆောင်ရန် မလိုအပ်ကြောင်း၊ သို့သော် ထိုဒေသတွင် ရုရှားနိုင်ငံက နောက်ထပ် မကျူးကျော်ရန် ဟန့်တားမှုကိုမူ လိုအပ်မည်ဖြစ်ကြောင်း ဂျော်ဂျီယာနိုင်ငံခြားရေးဝန်ကြီးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဂျော်ဂျီယာနိုင်ငံအား ရုရှားက ဝင်ရောက်ခြင်းအပေါ် မည်သို့တုံ့ပြန်ရမည်ကို ဘရပ်ဆယ်မြို့တွင် ဥရောပခေါင်းဆောင်များ ဆွေးနွေးခြင်းမပြုသေးမီ တစ်ရက်အလိုတွင် အစ္စတန်ဘူလ်တွင် ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ ဂျော်ဂျီယာနိုင်ငံခြားရေးဝန်ကြီးက ရုရှားနိုင်ငံကို ဥရောပက အရေးယူခြင်းသည် ဂျော်ဂျီယာနိုင်ငံအတွက် အရေးမကြီးပါဟု ပြောဆိုလိုက်သည်။

ရုရှားနိုင်ငံသည် ဂျော်ဂျီယာနိုင်ငံအတွင်းသို့ဝင်ရောက်ပြီးနောက်ဥရောပနယ်နိမိတ်စည်းကြောင်းများကို ပြန်လည်ရေးဆွဲရန် ကြိုးစားနေသည်ဟု ဂျော်ဂျီယာနိုင်ငံခြားရေးဝန်ကြီးကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်သံအမတ်ကို ချာဗက်ဇ်သတိပေး

ကာရာကာ့စ် စက်တင်ဘာ ၁

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် တနင်္ဂနွေနေ့က အမေရိကန်သံအမတ်အား ၎င်းတို့၏ ပြည်တွင်းရေးတွင် ဝင်မရှုပ်ရန် သို့မဟုတ်ပါက နိုင်ငံမှနှင်ထုတ်ရလိမ့်မည်ဟုသတိပေးလိုက်သည်။

ရည်စူး

ချာဗက်ဇ်က ၎င်း၏အစိုးရအဖွဲ့သည်မည်သည့်ဝင်ရောက်စွက်ဖက်ခြင်းကိုမျှ လက်ခံလိမ့်မည်မဟုတ်ကြောင်း မကြာမီက အမေရိကန်သံအမတ် ပက်ထရစ်ဒဒ်ဒီက ဗင်နီဇွဲလားတွင် မူးယစ်ဆေးဝါးများ တရားမဝင်ကူးသန်းရောင်းဝယ်မှု တိုးလာမှုအပေါ် ဝေဖန်ခြင်းကို ရည်စူး၍ ပြောကြားလိုက်ခြင်းဖြစ်သည်။

တင်ပို့နေ

တနင်္ဂနွေနေ့တွင် ထုတ်လွှင့်သော ရုပ်မြင်သံကြား အစီအစဉ်တွင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်တွင် ဆေးခြောက် အများဆုံး ထုတ်လုပ်သော နိုင်ငံဖြစ်ကြောင်း၊ ဗာဂျီးနီးယားပြည်နယ်တွင်ဆေးခြောက်စိုက်ခင်းများ ရှိကြောင်း၊ အမေရိကန်၏ စစ်စခန်းများရှိရာ ကိုလံဘီယာမှ အမေရိကန်တို့က မူးယစ်ဆေးဝါးများ တင်ပို့နေခြင်းဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသွားသည်။

ထို့အပြင်အမေရိကန်မူးယစ်ဆေးဝါး နှိမ်နင်းရေးအဖွဲ့သည် မူးယစ်ဆေးဝါးကုန်သည်များနှင့်ပူးပေါင်းလုပ်ဆောင်နေသည်ဟု ၎င်းက စွပ်စွဲလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် စက်တင်ဘာ ၂ရက်က ဒေါက်မြင့်ဖိနပ်စီး၍ အပြေးပြိုင်ပွဲကျင်းပရာ အမျိုးသမီး ၂၆၀ ကျော် ပါဝင်ဆင်နွှဲနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဒေသ သောင်းကျန်းမှုများ ပူးပေါင်းနှိမ်နင်းရန် သဘောတူညီမှုရရှိ

ဒါကာ စက်တင်ဘာ ၁

ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံတို့၏ ပိုင်နက်နယ်မြေများကို အသုံးပြု၍ အကြမ်းဖက်မှုများ လုပ်ဆောင်ခြင်း၊ ဆူပူသောင်းကျန်းမှုများ ပြုလုပ်ခြင်းတို့ကို ခွင့်ပြုမည်မဟုတ်ဘဲ ပူးပေါင်းနှိမ်နင်းသွားမည်ဖြစ်ကြောင်း နှစ်နိုင်ငံစလုံးက ဩဂုတ် ၃၁ ရက်တွင် သဘောတူညီခဲ့ကြသည်။

ထိုသို့ ပူးပေါင်းတားဆီးရာတွင် လက်နက်၊ ခဲယမ်းနှင့် ပေါက်ကွဲစေသော ပစ္စည်းများ၊ မှောင်ခိုကူးသန်းမှုနှင့် ငွေအတုပြုလုပ်မှုများလည်း ပါဝင်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူကာရပ်နှင့် အိန္ဒိယပြည်ထဲရေးဝန်ကြီး မာဒူကာဂွတ်ပ်တာတို့ ဒါကာမြို့တွင် တွေ့ဆုံဆွေးနွေးကြပြီးနောက် အထက်ပါသဘောတူညီမှု ရရှိလိုက်ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် စာရင်းအင်းများအရ နယ်စပ်ကို ဖြတ်ကျော်သော ဘင်္ဂလားဒေ့ရှ်မှ ကျွဲ၊ နွားမှောင်ခိုသမား ၁၆၅ ဦး ယခုနှစ်အတွင်း အသက်ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ ယခုဆွေးနွေးပွဲ၌ သဘောတူညီမှု ရရှိခဲ့သည်ဟုဆိုသော်လည်း ၆ဒသမ၅ ကီလိုမီတာရှည်လျားသည့် နယ်ခြားမျဉ်း သတ်မှတ်ရေးကိစ္စကိုမူ ပြီးပြတ်အောင် မဆွေးနွေးနိုင်ခဲ့ကြောင်း သတင်းကဖော်ပြသည်

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ဘုံဘေမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၆၀ အကွာတွင်ရှိသော တာလီဂါအွန်ရှိ ဂျင်နရယ် မော်တာကော်ပိုရေးရှင်း၏ အသစ်ဖွင့်လှစ်လိုက်သော စက်ရုံတွင် ကားများတပ်ဆင်နေသည်ကို စက်တင်ဘာ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လုပ်သား သတ်သူများသည် အစွန်းရောက်များဟု ဆူဒန်ပြောကြား

ခါတွန် စက်တင်ဘာ ၂

အမေရိကန် အကူအညီပေးရေး အလုပ်သမားတစ်ဦးကို သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခံထားရသော ဆူဒန်လူမျိုးငါးဦးသည် နှစ်သစ်ကူးပွဲတော်တွင်နိုင်ငံခြားသားများကိုတိုက်ခိုက်ရန် စီစဉ်ထားကြသည့် အစွန်းရောက်သမားများဖြစ်ကြသည်ဟု ဆူဒန်အစိုးရရှေ့နေများက တရားရုံးတွင် တနင်္ဂနွေနေ့က ပြောကြားသည်။

နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး အမေရိကန်အေဂျင်စီမှ (၃၃) နှစ်အရွယ်ရှိ ဂွန်ဂရန်ဗယ်လီသည် စက်တင်ဘာ ၁ရက် စောစောပိုင်းတွင် နှစ်သစ်ကူးပွဲတော်မှ အိမ်သို့ပြန်လာစဉ် သေနတ်ဖြင့် အပစ်ခံရခြင်းဖြစ်သည်။ ထိုဖြစ်ရပ်တွင် ၎င်း၏ ကားမောင်းသူလည်း အသတ်ခံရသည်။ ၎င်းသည် နှစ်သုံးဆယ်ကျော်အတွင်း ခါတွန်၌ အသတ်ခံရသော ပထမဆုံး အမေရိကန်လူမျိုးဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အယ်လ်ဒါဒါရေနံချက်စက်ရုံ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ အယ်လ်ဒါဒါ ရေနံချက်စက်ရုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်အော်ဆက်တီးယားဒေသ စစ်ပွဲတွင် ဂျော်ဂျီယာက ကလပ်စတာဗုံးသုံးခဲ့ကြောင်း ဝန်ခံ

နယူးယောက် စက်တင်ဘာ ၂

ခွဲထွက်သွားသော တောင်အော်ဆက်တီးယားဒေသအား ပြန်လည်သိမ်းပိုက်ရန် ကြိုးစားအားထုတ်ရာတွင် ဂျော်ဂျီယာတပ်ဖွဲ့များသည် ကလပ်စတာဗုံးပဒေသာများကို အသုံးပြုခဲ့သည်ဆိုသောကိစ္စမှာ မှန်ကန်ကြောင်း ဂျော်ဂျီယာနိုင်ငံက ဝန်ခံသည်ဆိုသောအချက်ကို လူ့အခွင့်အရေးအဖွဲ့က စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အသုံးပြုခဲ့သော ကလပ်စတာဗုံးအမျိုးအစားများမှာ အမ် ၈၅ ကလပ်စတာဗုံးများဖြစ်သည်ဟု ဂျော်ဂျီယာကာကွယ်ရေးဝန်ကြီးဌာနက ဖော်ပြသည်။ ထိုဗုံးများကို တောင်အော်ဆက်တီးယားနှင့် ရုရှားဆက်သွယ်ထားသော ရိုကီဥမင်အနီးတွင် ကြဲချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျော်ဂျီယာက တောင်အော်ဆက်တီးယားဒေသကို သိမ်းပိုက်ရန် စစ်အင်အား အသုံးပြုခဲ့ရာ ရုရှားနိုင်ငံ၏ စစ်ရေးအရ တုံ့ပြန်အရေးယူမှုဖြင့် ကြုံတွေ့ခဲ့ရသည်။

အမ် ၈၅ ကလပ်စတာဗုံးများကို ၂၀၀၆ ခုနှစ်က အစ္စရေးစစ်ဘက်က လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာများကို တိုက်ခိုက်ရာ၌ အများအပြား အသုံးပြုခဲ့သည်။ ထိုနောက်ပိုင်း စစ်ပွဲများတွင် ကလပ်စတာဗုံးများ မသုံးခဲ့သော်လည်း ယခု အော်ဆက်တီးယားပြဿနာတွင် ဂျော်ဂျီယာတပ်ဖွဲ့များက ပထမဆုံးအကြိမ်အဖြစ် ပြန်လည်အသုံးပြုခြင်းဖြစ်သည်ဟု ဆိုသည်။

ထိုဗုံးများသည် ချက်ချင်းမပေါက်ကွဲဘဲ အချိန်ကြာမြင့်မှ ပေါက်ကွဲနိုင်သည့် သဘာဝရှိသဖြင့် စစ်ပြီးသွားသည့်တိုင်အောင် အရပ်သူ၊ အရပ်သားများ သေကျေဒဏ်ရာရသည်အထိ ထိခိုက်နိုင်သော ဗုံးများဖြစ်သည်။

အင်တာနက်။

နယူးဇီလန်မြောက်ပိုင်းကျွန်းတွင် ပြင်းအား ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်

ဝယ်လ်လင်တန် စက်တင်ဘာ ၂

နယူးဇီလန်နိုင်ငံ မြောက်ပိုင်းကျွန်းဒေသတွင် စက်တင်ဘာ ၁ ရက်က ပြင်းအား ၅ ဒသမ ၈ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်တစ်ခု လှုပ်သွားကြောင်း မြေငလျင်တိုင်းတာရေးဌာနက ထုတ်ပြန်သည်။ ထိုမြေငလျင်သည် မွန်းလွဲ ၁ နာရီ ၂၁ မိနစ်အချိန်တွင် မြောက်ပိုင်းကျွန်းရှိ တူရန်ဂီမြို့၏ အရှေ့တောင်ဘက် ၁၀ ကီလိုမီတာ အကွာနေရာကို ဗဟိုပြု၍ လှုပ်ရှားသွားခြင်းဖြစ်သည်။ ထိုနေရာသည် နယူးဇီလန်နိုင်ငံ ဝယ်လ်လင်တန်မြို့၏ မြောက်ဘက် ကီလိုမီတာ ၂၆၀ အကွာတွင် တည်ရှိသည်။

ယင်းငလျင်ကြောင့် အသေအပျောက်အထိအခိုက်တစ်စုံတစ်ရာ မရှိကြောင်း သိရသည်။ အဆိုပါငလျင်လှုပ်သွားသည်ကို မြောက်ဘက်ကျွန်းဒေသမှသည် တောင်ပိုင်းကာပီတာကမ်းခြေအထိ သိရှိလိုက်ရသည်။

အင်တာနက်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်ကလေးငယ်ငါးဦး ထပ်မံသေဆုံး

ကဘူးလ် စက်တင်ဘာ ၂

အမေရိကန်နှင့်အပေါင်းပါ နိုင်ငံခြားတပ်ဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၏ သီးခြားနှစ်နေရာတွင် ကလေးငါးဦး တနင်္လာနေ့က ထပ်မံသေဆုံးရကြောင်း သတင်းက ဖော်ပြသည်။

ထိုအဖြစ်အပျက်ကြောင့် ပြည်သူများနှင့် နိုင်ငံခြားတပ်ဖွဲ့များအကြား တင်းမာမှုအခြေအနေသည် ပို၍ဆိုးရွားလာလျက်ရှိသည်။

အာဖဂန်နိုင်ငံ အရှေ့ဘက်ဒေသတွင် နေတိုးတပ်ဖွဲ့များ၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် မတော်တဆထိမှန်၍ ကလေးသုံးဦး အသက်ဆုံးရှုံးရကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။ နေတိုးကင်းအဖွဲ့ကို ဂါယန်ခရိုင်တွင် ပစ်ခတ်ခံရပြီးနောက် လက်နက်ကြီးဖြင့် တုံ့ပြန်ပစ်ခတ်ရာ အိမ်တစ်လုံးကို ထိမှန်ပြီး ကလေးသုံးဦး အသက်ဆုံးကာ အရပ်သားခုနစ်ဦး ဒဏ်ရာရသွားကြောင်း သိရသည်။

ကဘူးလ်မြို့အနီး၌ ဖြစ်ပွားသော သီးခြားတိုက်ခိုက်မှုတွင် နေတိုးနှင့် အပေါင်းပါ နိုင်ငံခြားတပ်ဖွဲ့များ၏ လက်ချက်ကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးနှစ်ဦးတို့ သေဆုံးခဲ့ရပြန်သည်။

အင်တာနက်။

တရုတ်နိုင်ငံ ဇီကျန်ပြည်နယ် ဟန်ရှူးမြို့ရှိ ရတနာအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ကျောက်စိမ်းဖြင့် လုပ်ထားသော "လမုန့်" ကို ဩဂုတ် ၃၁ ရက်က ပြသစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် မူးယစ်ထိန်းချုပ်ရေးဌာန အကြီးအကဲ လာရောက်ရေးအစီအစဉ် ဗင်နီဇွဲလားနိုင်ငံပယ်ချ

ကာရာကတ်စ် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး ကွန်ပီးဝေါလ်တာ ဗင်နီဇွဲလားနိုင်ငံသို့ လာရောက်လည်ပတ်ရေး အစီအစဉ်မှာ အချိန်အခါမဟုတ်သော အခြေအနေတွင် လာရောက်သည့် ကိစ္စဖြစ်၍ပယ်ချကြောင်း ဗင်နီဇွဲလားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန် မူးယစ်ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးအနေဖြင့် အခြားနိုင်ငံများ၏ မူးယစ်နှိမ်နင်းရေးကိစ္စများကို စွက်ဖက်နေမည့်အစား အမေရိကန် ပြည်တွင်းမူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စကိုသာ အာရုံစိုက်သင့်ကြောင်း ဗင်နီဇွဲလား နိုင်ငံခြားရေးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလားနိုင်ငံက အမေရိကန် မူးယစ်နှိမ်နင်းရေးအဖွဲ့ ဒီအီးအေသည် ပြည်တွင်း၌ အဖျက်လုပ်ငန်းများ လုပ်ကိုင်သည်ဆိုသော စွဲချက်များ ထွက်ပေါ်လာပြီးနောက်ပိုင်း အမေရိကန်ဒီအီးအေနှင့် ဗင်နီဇွဲလား ဆက်ဆံရေးကို ၂၀၀၆ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။

အင်တာနက်။

မှုခင်းများနှိမ်နင်းပေးရန် မက္ကဆီကိုပြည်သူများတောင်းဆို

မက္ကဆီကိုစီတီး စက်တင်ဘာ ၁

မက္ကဆီကိုနိုင်ငံတွင် ထူပြောနေသောလူသတ်မှုနှင့်ပြန်ပေးဆွဲမှုများကို နှိမ်နင်းပေးရန် ပြည်သူပေါင်း ၁၅၀၀၀၀တို့သည် စနေနေ့က ချီတက်ဆန္ဒပြကာ တောင်းဆိုခဲ့ကြသည်။ မက္ကဆီကို သမ္မတဖီလီပီကယ်လ်ဒါရွန်က ဖြစ်ပေါ်နေသော ရာဇဝတ်မှုများကို နှိမ်နင်းပေးမည်ဟု ကတိစကားပြောကြားခဲ့ပြီးဖြစ်သည်။

အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံ နယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးဂိုဏ်းများသည် နယ်လုရင်းတိုက်ခိုက်ကြသည့်အတွက်လူသတ်မှုနှင့်အကြမ်းဖက်မှုများထူပြောနေခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ဖြစ်ပွားသောမူးယစ်ဂိုဏ်းများနှင့်ပတ်သက်သောအမှုများကြောင့် အသက်ဆုံးရှုံးရသူ ပြည်သူဦးရေမှာ ၂၃၀၀ ကျော်သွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ကီနာဖက်ရှင်ပြပွဲ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကီနာဖက်ရှင် မဂ္ဂဇင်းက ကြီးမှူးကျင်းပသော ဖက်ရှင်ပြပွဲတစ်ခုကို ဩဂုတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နယူးယောက်တွင် အသက် ၁၀၀ရှိ အဘွားအိုတစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံး

နယူးယောက် စက်တင်ဘာ ၂

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ လောင်အိုင်လန်းဒေသရှိ နေအိမ်တွင် အသက် ၁၀၀ရှိ အဘွားအိုတစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးသွားကြောင်း အင်တာနက်သတင်းအရ သိရသည်။

သေဆုံးသူသည် ဂျက်ဆီဘာကီဖြစ်ပြီး ကုန်စုံစတိုးဆိုင်မှအပြန် ၎င်း၏သမီးဖြစ်သူက တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ ၎င်းအဘွားအိုသည် အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်လျက်နေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်း၏အိမ်အတွင်း အဓမ္မဝင်ရောက်လာသည့်လက္ခဏာမရှိသလို မည်သည့်ပစ္စည်းမျှ အခိုးခံရခြင်း မရှိဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ ၎င်းသည် သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်။

ဂျက်ဆီဘာကီသည် ဖျတ်လတ်တက်ကြွသူတစ်ဦးဖြစ်ပြီး ၎င်း၏သမီးနှင့် ကလေးငယ်သုံးဦးတို့နှင့်အတူ နေထိုင်သည်။ ရဲတပ်ဖွဲ့က ၎င်းသေဆုံးမှုနှင့် ပတ်သက်၍ ၎င်း၏သမီးအား မေးမြန်းမှုမပြုခဲ့ပေ။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထူးဆောင်းပါး

လူတိုင်းစာတတ်မြောက်ဖို့ ဝိုင်းဝန်းကြိုးပမ်းစို့

ဦးသန်းဦး

စာနှင့်ကျန်းမာယှဉ်တွဲဆောင်ရွက်ပါ

စာတတ်လာလျှင်
အနာလည်းသိ
ဆေးလည်းသိ၍
အသိကြွယ်ကြွယ်
ကာကွယ်ကုသ
ကျန်းမာကြအံ့။
(မြန်မာပညာရှင်များ)

နိုင်ငံတကာစာတတ်မြောက်ရေးနေ့

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ရက်(တနင်္လာနေ့)သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ INTERNATIONAL LITERACY DAY ဖြစ်သည်။

ထိုနေ့သည်စင်စစ်အားဖြင့် ထူးခြားမွန်မြတ်လှသော ပညာရေးနေ့ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပေသည်။

စာတတ်မြောက်ရေးနေ့ဆောင်ပုဒ်

နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကိုအဖွဲ့ချုပ်ကြီးက စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ကို နှစ်စဉ် သတ်မှတ်ပေးလေ့ရှိပါသည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ကို စာတတ်မြောက်ရေး နှင့်ကျန်းမာရေး (LITERACY AND HEALTH) ယှဉ်တွဲ ဆောင်ရွက်ရေးအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

လွန်ခဲ့သော ၂၀၀၇ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ----

"ရှင်လန်းကျန်းမာ ချမ်းမြေ့သော စာတတ်မြောက်ခြင်းက သော့ချက်ပါ"

(Literacy, Key to good Health and Well- being) ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်တွင် စာတတ်မြောက်ရေးနှင့် ကူးစက်ရောဂါ ကာကွယ် စောင့်ရှောက်ကုသရေးကို တွဲယှဉ်ဆောင်ရွက်သွားရန် အလေးပေးထားပါသည်။

သို့ဖြစ်၍ ၂၀၀၈ ခုနှစ်အတွင်း နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းလှုပ်ရှားဆောင်ရွက်မှု တစ်ရပ်လုံးသည် ယနေ့ကမ္ဘာတွင် အထင် အရှားဖြစ်ပေါ်နေသော ကူးစက်ရောဂါကြီးသုံးမျိုးဖြစ်သည့် (၁) အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ (၂) ချောင်းဆိုးသွေးပါအဆုတ်နာနှင့် (၃) ငှက်ဖျားရောဂါ (HIV and AIDS, TUBERCULOSIS, and MALARIA) တို့ကို ကာကွယ်ရေး၊ စောင့်ရှောက်ရေးနှင့် ကုသရေး (Prevention, Cure and Treatment)တို့နှင့် စာတတ်မြောက်ရေးကို ယှဉ်တွဲဆက်စပ်ကာ ပညာပေးဆောင်ရွက်ပေးကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့် စာတတ်မြောက်ရေးကြိုးပမ်းမှုကို ဖော်ပြပါကူးစက်ရောဂါကြီးသုံးမျိုးအတွက် ကာကွယ်စောင့်ရှောက်ကုသရေးတို့နှင့်တစ်ပါတည်း ယှဉ်တွဲဆောင်ရွက်သွားနိုင်ရေးအတွက် အလေးထားဆောင်ရွက်ဖြစ်ဖို့ အထူးသတိပြုကြရန် ဖြစ်ပါသည်။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ကို အထက် ဖော်ပြပါ ဆောင်ရွက်မှုနှင့်အညီ "Literacy is the best remedy" ဟုသတ်မှတ်ပေးပါသည်။ မြန်မာလို မှတ်ရဆိုရလွယ်အောင် ပညာရှင်များက "စာတတ်မြောက်ရေး ဝိုင်းဝန်းကူပေး အကောင်းဆုံးသော ကုသရေး"ဟု အနီးစပ်ဆုံး ဘာသာပြန်ဆို ဖော်ပြကြပါသည်။

စာတတ်မြောက်ရေးနေ့၏ သမိုင်းနောက်ခံ

လွန်ခဲ့သော ၄၃ နှစ် (ဆယ်စုနှစ်လေးစု)က ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် အီရန်နိုင်ငံတီဟီရန်မြို့၌ "ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်" (WORLD LITERACY CONGRESS) တစ်ရပ်ကို ၁၂ ရက် တိုင်တိုင် ကျင်းပဖြစ်ခဲ့ပါသည်။

ထိုသို့ ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်ကြီးတစ်ရပ် စတင်ကျင်းပ ဖြစ်ခဲ့သည့် စက်တင်ဘာလ ၈ ရက် နေ့ကို အကြောင်းပြု၍ ထိုနေ့ အထိမ်းအမှတ်အဖြစ် ၁၉၆၆ ခုနှစ် တွင် ကျင်းပခဲ့သော "ယူနက်စကို အထွေထွေညီလာခံကြီး" 1966 UNESC0 GENERAL CONFERENCE က နှစ်စဉ်နှစ်တိုင်း ကျရောက်သော စက်တင်ဘာလ ၈ ရက်နေ့ကို "နိုင်ငံတကာစာတတ် မြောက်ရေးနေ့"အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်နှင့်အညီ ထိုနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလာခဲ့ရာ ယခု ၂၀၀၈ ခုနှစ်၌ ၄၂ နှစ်(လေးဆယ့်နှစ်နှစ်) သို့ တိုင်ပင် ရောက်ရှိလာပြီ ဖြစ်ပေသည်။

ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်
(United Nations Literacy Decade; UNLD)

လူတိုင်းအတွက် ပညာရေးအစီအစဉ်အရ လူတိုင်း စာတတ်မြောက် စေရေးကို အခြေခံရည်မှန်းချက်တစ်ရပ်အဖြစ်ထားပြီး ထိုရည်မှန်းချက် ထိရောက်ထက်မြက် အောင်မြင်ပေါက်မြောက်အောင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် အထူးလိုအပ်လာသည့်အလျောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်တွင် ကျင်းပသော " ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီး"(GENERAL ASSEMBLY OF THE UNITED NATIONS)က ဆုံးဖြတ်ချက် ၅၆/၁၁၆ ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို " ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်" (A UNITED NATIONS LITERACY DECADE) (UNLD)အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ် ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်ပေသည်။

သို့ဖြစ်၍ ယခု ၂၀၀၇-၂၀၀၈ ခုနှစ်သည် ဖော်ပြပါ ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်၏ ငါးနှစ်မြောက် (Mid Decade) ဖြစ်ရကား ထိုဆယ်စုနှစ်၏တစ်ဝက် ကာလဖြစ်နေသည်ကို ကျွန်ုပ်တို့ အထူးသတိပြု ဆောင်ရွက်သွားကြရန် လိုပေသည်။

သဘောအချုပ်အားဖြင့် လူတိုင်းအတွက် ပညာရေး (ED UCATION FOR ALL)၏ ဗဟိုချက်မသဖွယ်လည်းဖြစ်နေသည့် လူတိုင်း စာတတ် မြောက်ရေး LITERACY FOR ALL ကို "Literacy for all is, at the heart of basic education in for all" လူတိုင်းအတွက် အခြေခံပညာရေး၏ အခြေခံအကျဆုံး ပညာရေးအဖြစ် အလေးအနက် မှတ်ယူခံယူကြ၍ ဤဆယ်စုနှစ်အတွင်း (၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ် အတွင်း) ဤရည်မှန်းချက် ပေါက်မြောက်အောင်မြင်အောင် ကျွန်ုပ်တို့ အားလုံး ထိထိမိမိ ပိပိရိရိ ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပေသည်။ သို့မှသာ ဤဆယ်စုနှစ်အတွင်း အခြေခံပညာရေး၌ အခြေခံအကျဆုံး ဖြစ်သည့် စာတတ်မြောက်ရေးသည် စာမတတ်သေးသူတိုင်း စာတတ် မြောက်လာစေရေးကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရာ ရောက်ပေ လိမ့်မည်။

စာတတ်မြောက်မှုအခြေအနေ

ကမ္ဘာ့စာမတတ်မြောက်မှု အခြေအနေကို အချုပ်သဘော လေ့လာတင်ပြရလျှင်

(က) သက်ငယ်စာမတတ်မြောက်မှုနှင့်

(ခ) သက်ကြီးစာမတတ်မြောက်မှု

ဟူ၍ နှစ်ပိုင်းခွဲခြားပြီး လေ့လာတင်ပြရပါလိမ့်မည်။

စုစည်းလေ့လာရရှိသော ကမ္ဘာ့စာရင်းအင်း အထောက်အထားများ အရ သက်ငယ်စာမတတ်မြောက်မှုအပိုင်းတွင် ကလေးသူငယ်ပေါင်း ၉၄ သန်းမှ ၁၁၅ သန်းသည် ပညာနှင့် ထိတွေ့ခွင့်၊ သင်ယူခွင့် မရရှိကြသေးဘဲ ရှိနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ကလေးသူငယ်ပေါင်း ၇၂ သန်းခန့် သည်လည်း ယခုအခါ ကျောင်းပြင်ပ၌ ရောက်ရှိနေကြသည်ဟု ဆိုပါ သည်။

သို့ဖြစ်၍ အဆိုပါကလေးသူငယ်များသည် ပညာရေးနှင့် အလှမ်း ဝေးနေသေးသော၊ စာတတ်မြောက်ရေးနှင့် လက်လှမ်းမမီနိုင်သေးသော အခြေအနေတွင်ရှိနေကြရကား မဝေးလှသောကာလတွင်ပင် သက်ငယ် စာမတတ်မြောက်မှုမှသည် သက်ကြီးစာမတတ်မြောက်မှုသို့ တက်လှမ်း ကူးပြောင်းရောက်ရှိလာကြမည့်သူများဟူ၍လည်း မှတ်ယူရမလို ဖြစ်နေ ပါသည်။ ဤသည်ကား သက်ငယ်စာမတတ်မြောက်မှု အခြေအနေ၏ အချုပ်သဘောပင် ဖြစ်ပေသည်။

သက်ကြီးစာမတတ်မြောက်မှုအပိုင်းနှင့် စပ်လျဉ်း၍ ဆက်လက် လေ့လာသောအခါ ယနေ့ကမ္ဘာတွင် အသက် ၁၅နှစ်အထက် သက်ကြီး စာမတတ်သူဦးရေသည် သန်းပေါင်း ၇၇၄ သန်းခန့် ရှိနေသေးသည် ကိုပင် တွေ့မြင်နေရဆဲ ဖြစ်ပေသည်။ ထိုသက်ကြီး စာမတတ်သူဦးရေ သည် စင်စစ်အားဖြင့် သက်ကြီးငါးဦးတွင် တစ်ဦးသည် စာမတတ်သူ ဖြစ်နေကြောင်း လေ့လာတွေ့ရှိရသည်။

အဆိုပါ သက်ကြီးစာမတတ်သူ ၇၇၄ သန်းအနက် သုံးပုံနှစ်ပုံမှာ သက်ကြီးအမျိုးသမီး စာမတတ်မြောက်ကြသူများအဖြစ် တွေ့မြင်နေရ ဆဲ ဖြစ်ပေသည်။

ဤကိန်းဂဏန်းသည် သက်ကြီးစာမတတ်သူများအနက် အမျိုးသား ထက် အမျိုးသမီးက ဦးရေအားဖြင့် ပိုမိုများပြားကြောင်း ထောက်ညွှန်း ပြသနေသဖြင့် သက်ကြီးစာတတ်မြောက်ရေးအတွက် အမျိုးသမီး သက်ကြီးများအတွင်း အလေးပေးဆောင်ရွက်ကြရမည့် သဘောကို လည်း တစ်ဆက်တည်း ဖော်ညွှန်းပြသနေရာ ရောက်ပေသည်။

သို့ဖြစ်၍ သက်ကြီးစာတတ်မြောက်မှုကို ဆောင်ရွက်ကြရာ၌ ဤအချက်ကို ကျွန်ုပ်တို့ အလေးအနက် သိမြင်သဘောပေါက်ပြီး သကာလ မဟာဗျူဟာ၊ နည်းဗျူဟာများကို ကောင်းစွာချမှတ်သတ်မှတ် ဆောင်ရွက်အပ်သည်သာ ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးဆုများ
(2008 INTERNATIONAL LITERACY PRIZES)

ယူနက်စကိုအဖွဲ့ချုပ်ကြီးက အထက်တွင် ပြဆိုခဲ့သော နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်နှင့်အညီ စာတတ်မြောက်ရေး အတွက် ကြိုးပမ်းလှုပ်ရှားဆောင်ရွက်ကြသည့် ယူနက်စကို အဖွဲ့ဝင်နိုင်ငံ များ (UNESCO MEMBER STATES)အား အဆိုပါကိစ္စရပ် အတွက် ထူးထူးခြားခြား ထူးထူးချွန်ချွန် ဆောင်ရွက်ကြသည့် လူပုဂ္ဂိုလ် များကိုဖြစ်စေ၊ အသင်းအစုအဖွဲ့များကို ဖြစ်စေ ၂၀၀၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ကို နောက်ဆုံးထား၍ ဆုအတွက် အများဆုံး နှစ်ဦး (a maximum of two condidatures)ကို ယူနက်စကိုအဖွဲ့ချုပ်သို့ အဆိုပြုပေးပို့တင်ပြ ပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက သတ်မှတ်ထားသော "ကုလသမဂ္ဂ စာတတ်မြောက်ရေးဆယ်စုနှစ်ကာလ" (၂၀၀၃-၂၀၁၂)အတွင်း လူတိုင်း စာတတ်မြောက်လာစေရေးအတွက် စာတတ်မြောက်ရေးနှင့် ကျန်းမာရေး ကို ဒွန်တွဲယှဉ်တွဲပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလိုက် အမျိုးသား ပညာရေး အစီအစဉ်အရ ညီညာဖြဖြ လက်တွဲကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရမည်သာဖြစ်။

ဧရာဝတီတိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ဧရာဝတီတိုင်း(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ တက်ရောက်ဖွင့်လှစ်၍ အမှာစကားပြောကြားသည်။(ယာပုံ)

တက်ရောက်

အခမ်းအနားသို့ တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ပုသိမ် လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဇင်ယော်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီး အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာ များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အထူး ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲကြီးကြပ် ရေးနှင့် ဒိုင်အဖွဲ့ဝင်များ၊ ခရိုင် အလိုက် ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြ သည်။

ကြည့်ရှုအားပေး

ထို့နောက်တိုင်းမှူးနှင့်ဇနီး၊ တက်ရောက် လာသူများက ပညာရေးကောလိပ် ဂီတဌာနမှူး(ငြိမ်း) ဦးခင်မောင်လွင် ရေးသားသော ကျွန်းမြင့် ဧရာအစချီ မင်္ဂလာရတုပိုဒ်စုံကို ဟင်္သာတခရိုင်မှ မင်းသားကြီး ဦးအောင်စိုးမင်းက ဂုဏ်ပြုရွတ်ဆို သီကျူးကာ နိုင်ငံ အလှဆင်ပြီး ဂုဏ်ပြုအဖွင့်တေး သီချင်းကို ဝါသနာရှင် အဆင့်(၂) ပြိုင်ပွဲဝင် ဒေါ်ချောစုစံနှင့် အဖွဲ့၏ ကပြဖျော်ဖြေမှုကို လည်းကောင်း၊ ပြိုင်ပွဲဝင်မျိုးဆက်သစ် အနုပညာရှင် များ၏ ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း ကြည့်ရှုအားပေး ကြသည်။ (သတင်းစဉ်)

ကျန်းမာရေးပညာပေးဆွေးနွေး ဆေးဖျန်းခြင်းများဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက် တောင်ကြီး၏ ကျန်းမာရေးပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၂၉ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ စာတည်း(တာဝန်ခံအရာရှိ) ဦးနိုင်ထွန်းက သွေးလွန်တုပ်ကွေးရောဂါ အကြောင်းနှင့် ငှက်ဖျားရောဂါအကြောင်းအား ဆွေးနွေးဟောပြောခဲ့သည်။ ယင်းနောက် ရုံးဝင်းအတွင်းနှင့် ဝန်ထမ်းအိမ်ရာများတွင် ပြည်နယ် ငှက်ဖျား တိုက်ဖျက်ရေးဌာနမှ ငှက်ဖျား လက်ထောက် ဦးကျော်မောင်မောင်မြင့် ဦးစီး အဖွဲ့က ခြင်ဆေးများပက်ဖျန်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ဧရာဝတီတိုင်းအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဩဂုတ် ၂၄ ရက်တွင် ဖျာပုံ-ဘိုကလေးလမ်းပိုင်း ၁၉ မိုင် နှစ်ဖာလုံ ပြုပြင် တည်ဆောက်ရန်အတွက် ကျောက်များစုပုံမည့် ရေလမ်းကြောင်း(ငပြောင်ချောင်း) တစ်လျှောက်နှင့် ကျောက်များ စုပုံဖြန့်ဝေမည့် အဓိကစခန်းနှစ်ခုဖြစ်သည့် ငါးမိုင် နှစ်ဖာလုံစခန်း ဇင်းဘောင်နှင့် ၁၄မိုင် နှစ်ဖာလုံ ဖိုးရွှေလုံးစခန်း သို့ ရေယာဉ်များဖြင့် လမ်းခင်းကျောက်များတင်ပို့နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။ (အောက်ဝဲပုံ)

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၅ ရက်တွင် ဖျာပုံမြို့နယ် စည်ပင် သာယာရေးလုပ်ငန်းများကို လည်း ကောင်း၊ ဖျာပုံမြို့ပေါ် ရပ်ကွက် ၁၈ခုအား သောက်သုံးရေ ဖြန့်ဝေ ပေးနေသည့် အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဖျာပုံမြို့သို့ သောက်သုံး ရေဖြန့်ဝေပေးနေသော ကန်တော်ကြီး သောက်ရေကန်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖျာပုံ-ဘိုကလေးလမ်း ၁၉ မိုင် နှစ် ဖာလုံလမ်းအပိုင်းကို ဆောက်လုပ်ရေး ဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးတင့်ဆွေ နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေး သည်။

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂၆ ရက်တွင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ ချမ်းမြေ့ဈေးကို သွားရောက်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက် လျက်ရှိသည့် ချမ်းမြေ့ရပ်ကွက် ဗိုလ် ဥတ္တမလမ်း ကျောက်ချောခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီးလိုအပ် သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အာရှ-ဂျပန် ပေါင်းကူးရေးအဖွဲ့ (BAJ)က တာဝန်ယူဆောင်ရွက်နေ သည့်ငါးဖမ်းစက်လှေအင်ဂျင်စက်များ ပြုပြင်ရေးအလုပ်ရုံနှင့်မော်လမြိုင်ကျွန်း ဒေသရှိရေလုပ်သားများအားထောက်ပံ့ ပေးအပ်မည့်ငါးဖမ်းလှေတည်ဆောက် ရေး လုပ်ငန်းခွင်တို့သို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ယခုနှစ် ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၈ ရက်(တနင်္လာနေ့) နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ဖော်ပြပါ နိုင်ငံတကာစာတတ် မြောက်ရေးဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ပါမည်။

ယခုနှစ်(၂၀၀၈ ခုနှစ်)အတွက် ပေးအပ်ချီးမြှင့်သည့် နိုင်ငံတကာ စာတတ်မြောက်ရေးဆုများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(က) THE UNESCO INTERNATIONAL READING ASSOCIATION LITERACY PRIZE

ဤဆုကို ဆုတစ်ဆုအနေဖြင့် ယခုနှစ်၌ ဆက်လက်ချီးမြှင့်ပေးအပ် ခြင်းဖြစ်ပါသည်။ အမေရိကန်ဒေါ်လာနှစ်သောင်း (ဒေါ်လာ ၂၀၀၀၀) တန်ဖိုးရှိပါသည်။ ဤဆုကို လူတိုင်းစာတတ်မြောက်ရေး (Literacy For all)အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ကြမှုကို အခြေခံထား ခြင်း ဖြစ်ပါသည်။ ယခုနှစ်ဆောင်ပုဒ်အရ ဆောင်ရွက်ကြိုးပမ်းမှုကို ဦးတည်ရွေးချယ်ခြင်း ဖြစ်ပါသည်။ ဤဆုကို ၁၉၇၉ ခုနှစ်မှစတင်၍ တည်ထောင်ချီးမြှင့်ခဲ့ကြောင်း ထပ်လောင်းလေ့လာမှတ်သား သိရှိထား ရပါသည်။

ဤဆုကို ဘရာဇီးနိုင်ငံ CURITIBA CITY COUNELT အား ပေးအပ်ချီးမြှင့်ပါသည်။

(ခ) THE UNESCO KING SEJONG LITERACY PRIZE

ဤဆုကိုလည်း ဆုတစ်ဆုအနေဖြင့် ယခုနှစ်၌ ဆက်လက်ချီးမြှင့် ပေးအပ်သွားခြင်းဖြစ်ပါသည်။ အမေရိကန်ဒေါ်လာနှစ်သောင်း တန်ဖိုးရှိ ပါသည်။ ဤဆုကို လူတိုင်းစာတတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင် ရွက်ရာ၌ ဘာသာစကား စာများတတ်ကျွမ်းစေမှုအတွက် လှုံ့လထုတ် ကြိုးပမ်းဆောင်ရွက်ပေးမှုကို အခြေခံအလေးထားသွားသည်ဟု သိရပါ သည်။ ယခုနှစ် ဆောင်ပုဒ်နှင့်အညီ ZAMBIA နိုင်ငံမှ PEOPLE'S ACTION FORUM အစီအစဉ်ကို ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပါသည်။

(ဂ) UNESCO CONFUCIUS LITERACY PRIZE

ဤဆုကိုမူ ယခုနှစ်၌ နှစ်ဆု ဆက်လက်ချီးမြှင့်ပါသည်။ ကြီးမြတ် သော တရုတ်ပညာရှင်ကြီး ကွန်ဖြူးရှပ်စ် (The Great Chinese Scholar Confucius)ကို လေးစားဂုဏ်ပြုသောအားဖြင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံအစိုးရက လှူဒါန်းသည့် ဆုနှစ်ဆု ဖြစ်ပါသည်။ ဆုတစ်ဆုသည် ဒေါ်လာနှစ်သောင်းစီ တန်ဖိုးရှိကြပါသည်။ ဤဆုကို ကျေးလက်ဒေသမှ သက်ကြီးများ (rural adults)နှင့် ကျောင်းပြင်ပ ရောက်လူငယ်များ (out-of-school youth)အထူးသဖြင့် အမျိုးသမီး ကြီးများနှင့် အမျိုးသမီးငယ်များအား စာတတ်မြောက်လာစေရေး အတွက် အလေးပေးဆောင်ရွက်ကြသော ထူးချွန်သူများ (Outstanding individuals)၊ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော ဌာနအသင်း အပင်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ပေးအပ်ချီးမြှင့် ဂုဏ်ပြုခြင်း ဖြစ်ပါသည်။

UNESCO Confucius Prize for Literacy Supporting Literacy in ruralareas

ဤဆုကို ပေးအပ်ချီးမြှင့်ရာ၌-

(က) ဆုတံဆိပ် (a medal)နှင့်

(ခ) ဆုလက်မှတ် (a diploma) တို့ကို ချီးမြှင့်ပေးအပ်သည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ စာတတ်မြောက်ရေး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည့် ပရောဂျက် နေရာဒေသများသို့ကိုပါ လာရောက်ပြီး

(ဂ) လေ့လာမှုပြုခြင်း (a Study visit to Literacy project sites in China)ကိုပါ တစ်ပါတည်း ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

ဤဆုနှစ်ဆုအနက် ဆုတစ်ဆုကို South Africa နိုင်ငံ၊ Kwanibela Project အရ ဆောင်ရွက်မှုကို ချီးမြှင့်၍ အခြားဆုတစ်ဆုကိုမူ Ethiopia နိုင်ငံမှ Adult and Non-formal Education Association အား ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

ယခု ၂၀၀၈ ခုနှစ်၌ ချီးမြှင့်ပေးအပ်မည့် ဆုတစ်ဆုစီတွင် ဒေါ်လာ နှစ်သောင်းစီ၊ ဆုတံဆိပ်နှင့် ဆုလက်မှတ်တို့ အသီးသီးပါဝင်ခြင်းဖြစ်၍ ဆုလေးဆုအတွက် ဒေါ်လာရှစ်သောင်း ချီးမြှင့်ထားခြင်း ဖြစ်ပါသည်။

(ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ သက်ကြီးစာတတ်မြောက်ရေး ဗဟိုကော်မတီသည် ၁၉၇၁ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ နှင့် ၁၉၈၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့တို့တွင် ယူနက်စကို အဖွဲ့ချုပ်ကြီးက ချီးမြှင့်ပေးအပ်ဂုဏ်ပြုသော ဆုများကိုလည်း ရရှိခဲ့ဖူးပြီး ဖြစ်ပါသည်။ ဤသည်ကား စကားချပ်)

အချုပ်အားဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကြီးက သတ်မှတ်ထား သော ဤ "ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ်ကာလ" (၂၀၀၃-၂၀၁၂)အတွင်း လူတိုင်းစာတတ်မြောက်လာစေရေးအတွက် စာတတ်မြောက်ရေးနှင့် ကျန်းမာရေးကို ဒွန်တွဲယှဉ်တွဲပြီး တစ်ကမ္ဘာ လုံးအတိုင်း အတာဖြင့် နိုင်ငံအသီးသီးက မိမိတို့နိုင်ငံအလိုက် အမျိုးသား ပညာရေး အစီအစဉ်အရ ညီညာဖြဖြ လက်တွဲကြိုးပမ်း အားထုတ် ဆောင်ရွက်သွားကြရမည်သာ ဖြစ်ကြောင်းပါ။

"စာနှင့်ကျန်းမာ ယှဉ်တွဲဆောင်ရွက်ကြ လူနေလှမည့် တို့ဘဝ"။ ။

အမှတ်(၂) စက်မှုဝန်ကြီးဌာန ကွန်ပျူတာအခြေခံသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၂

အမှတ်(၂) စက်မှုဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် Computer Aided Design (CAD)& Computer Aided Manufacturing (CAM) အခြေခံသင်တန်းအမှတ်စဉ်(၈/၂၀၀၈) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂ ရက် နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကျော်စွာခိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်းများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာခိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဝန်ကြီး၊ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် သင်တန်းခန်းအတွင်း သင်ကြားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန အနေဖြင့် ဝန်ထမ်းများအား Computer Aided Design (CAD)& Computer Aided Manufacturing (CAM) သင်တန်းများကို ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယခု ဖွင့်လှစ်သည့် သင်တန်းတွင် စက်ရုံများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖွင့်ပွဲကျင်းပ

အမှတ်(၂) စက်မှုဝန်ကြီးဌာန Computer Aided Design (CAD) & Computer Aided Manufacturing (CAM) အခြေခံသင်တန်းအမှတ်စဉ် (၈/၂၀၀၈) သင်တန်းဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

✻ ရွှေ့ဖုံးမှ

အသင်းက S.T.P အသင်းကို (၈၁-၃၁)မှတ်၊ အမျိုးသားပြိုင်ပွဲတွင် စက်မှု(၁) အသင်းက Lion အသင်းကို(၈၁-၃၅)မှတ်၊ လယ်/ဆည် အသင်းက သံလွင်အသင်းကို (၆၂-၅၈)မှတ်တို့ဖြင့် အနိုင်ရရှိသွားကြသည်။

အမျိုးသားပြိုင်ပွဲများ အုပ်စုပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အလွတ်တန်းတွင် (က)အုပ်စု၌စက်မှု(၁) က အုပ်စု ပထမ၊ Fox ကအုပ်စု ဒုတိယ၊ (ခ)အုပ်စု၌ လယ်/ဆည်က အုပ်စုပထမ၊ သံလွင်က အုပ်စု ဒုတိယ၊ ယူ ၂၀ပြိုင်ပွဲတွင် (က) အုပ်စု၌ မိုးကုတ်က အုပ်စုပထမ၊ Furious က အုပ်စုဒုတိယ၊ (ခ) အုပ်စု၌ Eragon(A) က အုပ်စု ပထမ၊ Golden Light House က အုပ်စုဒုတိယတို့ ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

ဆက်လက်ကျင်းပမည်

အမျိုးသား အကြိုဗိုလ်လုပွဲလေးပွဲနှင့် အမျိုးသမီးအုပ်စုပွဲစဉ်နှစ်ပွဲကို စက်တင်ဘာ ၃ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ (ကြေးမုံ)

Logistics နှင့် Supply Chain နည်းပညာရပ်များ ရှင်းလင်းဟောပြောပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂

STI Education သည် Singapore Institute of Materials Management, Curtin University of Technology Australia တို့နှင့် ပူးပေါင်း၍ Bachelor in Commerce (Logistics/ Supply Chain Management)သင်တန်းများကို သင်ကြားလျက်ရှိသည်။အဆိုပါ စီးပွားရေးပညာဘွဲ့ကို Curtin University of Technology က ဘွဲ့ချီးမြှင့်ပြီး Master အထိဆက်လက်သင်ကြားနိုင်သည်။ထူးခြားချက်မှာ STI ရန်ကုန်တွင် Diploma နှင့် Advanced Diploma ကို စရိတ်သက်သာစွာဖြင့် သင်ကြားနိုင်ပြီး နောက်ဆုံးနှစ်ကို Singapore နိုင်ငံ SIMMနှင့်Australia နိုင်ငံမှ Curtin University of Technology တို့သို့ တိုက်ရိုက် တက်ရောက်နိုင် မည်ဖြစ်သည်။

STI Education၏ သင်ရိုးညွှန်းတမ်းများသည် ကမ္ဘာ့တက္ကသိုလ်ကြီးများအဆင့်မီခြင်း၊ ပြည်တွင်းပြည်ပမှ ဝါရင့်အတွေ့အကြုံရှိ ထိပ်တန်းဆရာ၊ဆရာမများက အားဖြည့်သင်ကြားခြင်း၊ two-way Communication ကို အခြေခံသည့် ဆရာနှင့်ကျောင်းသားများ အပြန်အလှန်ဆွေးနွေးသည့် သင်ကြားမှုစနစ်ကို ကျင့်သုံးခြင်း၊ ကမ္ဘာ့နောက်ဆုံးပေါ် ရည်ညွှန်းချက်၊ ပြဌာန်းချက်ပါ စာအုပ်စာတမ်းများ အသုံးပြုခြင်း၊ ကမ္ဘာ့ထိပ်တန်း Fortune(500) ကုမ္ပဏီများ၏ အောင်မြင်မှု၊ ဆုံးရှုံးမှုနှင့် သင်ခန်းစာရယူနိုင်သည့် case studies များနှင့် အားဖြည့်ပေးခြင်း၊ နောက်ဆုံးပေါ် သင်ထောက်ကူပစ္စည်းများအသုံးပြုခြင်းတို့ကြောင့် လူကြိုက်များလျက်ရှိသည်။

ယင်းကဲ့သို့ အောင်မြင်မှုကြောင့် STI Education သည် မြန်မာနိုင်ငံ၌ တစ်ခုတည်းသော ကျောင်းအဖြစ် ရပ်တည်ပြီး ကမ္ဘာ့တက္ကသိုလ်ကြီးများသို့ တိုက်ရိုက် ဒုတိယနှစ်နှင့် တတိယနှစ်များသို့ ဝင်ခွင့်ရရှိခြင်းဖြစ်သည်။

ဒီပလိုမာ(သို့မဟုတ်) ဘွဲ့ရရှိပြီးပါက လုပ်ငန်းအခွင့်အလမ်း အဓိကရှိမည့် ဘာသာရပ်များကို အလေးထား၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်လျက်ရှိသည်။

STI Education က SIMM ကို ဖိတ်ကြား၍ “Logistics / Supply, Chain as a competitive advantage in a Firm with case studies ”အမည်ရှိ workshop ကို စက်တင်ဘာ ၁၃ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။ workshop ၌ case studies များနှင့် ယှဉ်တွဲ၍ SIMM ၏ ပါမောက္ခ Mr. Roger Lee က Careers & Education Pathway in Logistics and Supply Chain Management ကိုလည်း ထည့်သွင်းပြောကြားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ အနေဖြင့် သင်တန်းတည်ရှိရာ အဆောင်(၄) အခန်း(၇) မြန်မာအင်ဖိုတက်နှင့် အမှတ်(၃၇၇) ရွှေဘုံသာလမ်း(အထက်)၌ စုံစမ်းနိုင်ပြီး ဖုန်း-၅၀၇၁၅၂၊ ၅၀၇၁၅၁၊ ၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၂၅၀၀၅၆၊ ၇၀၀၂၇၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှိုက်ထင်းမှ ရွှေယမင်းဖန်တီးသူများ

သတင်းဆောင်းပါး - ထိန်ဝင်းဦး(လှျပ်စစ်)ပဲခူး
ဓာတ်ပုံမှတ်တမ်း - ထိန်ဝင်း

သဘာဝဘေးအန္တရာယ် ဆိုင်ကလုန်းမုန်တိုင်းသည် မေ ၂ ရက်နှင့် ၃ ရက်တို့တွင် မြန်မာနိုင်ငံအတွင်း သစ်ပင်အိုးအိမ် တိုက်တာပေါင်းများစွာတို့ကို အဆိုးရွားဆုံး၊ အပြင်းထန်ဆုံး ရိုက်ချိုး ဖျက်ဆီး တိုက်ခတ်သည်။

ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် မုန်တိုင်းဒဏ် အများဆုံးခံစားရပြီး မုန်တိုင်းဒဏ်ကြောင့် လူများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် အလှပင်၊ စားပင်၊ အရိပ်ရသစ်ပင်ကြီးများ၏ ပျက်စီးပြိုလဲသွားသော ပမာဏသည်လည်း အလွန်တရာများပြားခဲ့ကြောင်း မြင်တွေ့ သတိထားမိပါသည်။

အတန်းလိုက်၊ အုပ်စုလိုက်၊ အပြုံလိုက် ရာထောင်ချီ၍ သစ်ပင်များပြိုလဲခဲ့ရာတွင် အိမ်ထောင်စုတစ်စုတွင် သစ်တစ်ပင်နှုန်း ပြိုလဲပျက်စီးခဲ့ပါက သစ်ပင်ပေါင်းများစွာ ပျက်စီးမှုရှိမည်မှာ ဧကန်မုချ ဖြစ်ပါသည်။ ထိုကဲ့သို့ ပျက်စီးမှုကြောင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ စီမံကိန်းများချမှတ်ကာ ပျိုးထောင်စိုက်ပျိုးမှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရသည်။

ဖော်ပြပါပမာဏနှင့်အညီ ကျိုးပဲ့၊ လဲပြို၊ ပျက်စီးသွားသော အပင်၏ ကိုင်းများ၊ အပင်ကျိုးများပြန်လည်ခွဲစိတ်၍မရသော ပေတို၊ ဘုံတို၊ ခွဆုံ၊အမြစ်များအားလုံးတို့သည် အမှိုက်ထင်းအဖြစ်စွန့်ပစ် အသုံးချရန်သာရှိပါသည်။ထိုကဲ့သို့သောအခြေအနေမြင်ကွင်းသည် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့တစ်ခုတည်းတွင်ရှိနေ၊တွေ့နေရခြင်းမှာ အလျှံပယ် ဖြစ်နေပေသည်။

၎င်းစွန့်ပစ်တန်ဖိုးနည်းပစ္စည်းများမှသည် တန်ဖိုးရှိ ဝင်ငွေရဈေးကွက်ဝင်ပစ္စည်းအဖြစ်ပြောင်းလဲဖန်တီးဖော်ထုတ်ရန် ရည်ရွယ်လျက် သစ်တောရေးရာဝန်ကြီးဌာနက ပဲခူးမြို့နှင့် ဒါးပိန်မြို့တို့မှ ရုပ်လုံး၊ ရုပ်တုပန်းပုပညာရှင်များအား အကောင်အထည်ဖော်ဆောင်ရွက်စေခဲ့ပါသည်။

ရန်ကုန်မြို့သို့ ပဲခူးမြို့နှင့် ဒါးပိန်မြို့တို့မှ ထုလုပ်သောပညာရှင် ၁၀၀ ကျော်တို့အား ထုလုပ်ရန်နေရာထိုင်ခင်းသတ်မှတ်ဆောင်ရွက် ပေးထားကြောင်းလည်း သိရှိရပါသည်။ ထုလုပ်ရာနေရာသို့ စာရေးသူသွားရောက်တွေ့ဆုံမေးမြန်းရာတွင် ရောက်ရှိလာရက် (တစ်ပတ်) ကျော်အတွင်း အကြမ်းဖောက်ပုံ အတော်များများပြီးစီးနေပုံ၊ ထုလက်စပုံများ၊ တုံးဖြတ်နေမှုများကို တွေ့မြင်ရပါသည်။

အရွယ်အစား၊ ဆိုဒ်မျိုးစုံထဲတွင် တိရစ္ဆာန်ပုံများ၊ သိမ်းငှက်၊ ဆင်၊ မြင်း၊ လူရုပ်ပုံ၊ ပုဂံသူ၊ ဧည့်ကြိုထိုင်ခုံငယ်များ အမျိုးအစားအတော် စုံစုံလင်လင်ပုံစံအမျိုးမျိုး တွေ့မြင်ရခြင်းမှာ အနုပညာပါရမီရှင် ပီသသူတွေဟု တီးတိုးရေရွတ်မိပါသည်။ ရည်ရွယ်ချက်၊ မျှော်မှန်းချက် ကောင်းမွန်ပါသောကြောင့် ထုလုပ်သူများထဲမှ အုပ်ချုပ်သူများဖြစ်သော ဦးသန်းရွှေ(ပဲခူး)၊ ဦးထွန်းငွေ(ဒါးပိန်)တို့ကပြောကြားရာတွင် **“ယခုလို စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့်ကျွန်တော်တို့အားလုံးအလုပ်အကိုင်များရရှိကာ အတတ်ပညာရှင်အသီးသီး ထုလုပ်ခဝင်ငွေများလည်းရရှိကြမည်ဖြစ်ရာ ရရှိငွေမှ တစ်ဦးချင်းအချိုးချစုပေါင်းပြီးမုန်တိုင်းဒဏ်သင့် ဒေသများကို သွားရောက်လှူဒါန်းမှာဖြစ်ကြောင်းနှင့် မြတ်သော အလှူဖြစ်အောင် လှူဒါန်းခြင်း လေးမျိုးထဲမှ အကျိုးများအောင် မိမိကိုယ်တိုင်လည်း လှူဒါန်းမှုပြုမည်၊ ထုလုပ်သူများနှင့် အခြားသူများကိုလည်း လှူဒါန်းမှုပြုရန်တိုက်တွန်းမည်ဖြစ်သည့်အပြင် သဟတိကဒါန ကိုယ်တိုင်ကိုယ်ကျလှူဒါန်းခွင့်ရရှိနေချိန်မျိုးလည်းဖြစ်ပါသောကြောင့်သွားရောက် လှူဒါန်းမှု ပြုကြမည်ဖြစ်ကြောင်း”** ပြောကြားသွားပါသည်။

လူပုံ ထုလုပ်နေကြသော ပန်းပုပညာရှင်များအဖွဲ့။

သစ်တုံးများအား ထုလုပ်နေသော ပန်းပုပညာရှင်များအဖွဲ့။

ယခုလို စိတ်ထားစေတနာကောင်းများနှင့် လုပ်ဆောင်နေသော ပန်းပုဆရာကြီးများအဖွဲ့သည် စေတနာသည် ကံဖြစ်ပါသောကြောင့်စေတနာအရင်းခံကောင်းရှိ နေသူများဖြစ်ကြသော စီမံသူများ၊ အုပ်ချုပ်သူများ၊ ထုလုပ်သူများ၏ အမှိုက်ထင်းမှ ရွှေယမင်းရုပ် ဖန်တီးသူ အားလုံး အမြဲထာဝရ ကံကောင်းနေကြမည်မှာ မလွဲဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး ပျော်ဘွယ်နှင့်မိတ္ထီလာမြို့နယ်တို့၌ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးမှာကြား

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ်၂၉ရက် မွန်းလွဲ၁နာရီခွဲတွင် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ကျီနီစံပြကျေးရွာသို့သွားရောက်၍ တောင်သူလယ်သမားများနှင့်တွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးပြီး ပျော်ဘွယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တောင်သူလယ်သမားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကျီနီ စက်မှုလက်မှုစံပြကျေးရွာရှိ စက်မှုလက်မှုအလုပ်ရုံများမှ ထုတ်လုပ်သည့် သွင်းကုန်အစားထိုး ရက်ကန်းစင်များ၊ ဆီဆုံကြိတ်လုံးများ၊ ဆီစက်အရန်ပစ္စည်းများ၊ မော်တော်ကား ဂီယာဘောက်အိမ်များကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် (Gasifier) ကို ရေစုပ်စက်များဖြင့် တွဲဖက်၍ ချောင်းမကြီးချောင်းမှ ရေကို သီးနှံစိုက်ခင်းများအတွင်းသို့ စုပ်တင်နေမှုကိုသရုပ်ပြ၍ ယင်းသို့ အသုံးပြုခြင်းဖြင့် ဒီဇယ်ဆီ လေးပုံသုံးပုံလျော့နည်းချွေတာနိုင်မှု အခြေအနေများကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြားပြီး တောင်သူများက Gasifier များ ဝယ်ယူအသုံးပြုရန် မှာကြားကူညီဆောင်ရွက်ပေးသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ညနေ ၃ နာရီတွင် မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာလယ်သမားကြီး ဦးတင်ထွေး၏ လယ်ယာမြေနှင့် အနီးပတ်ဝန်းကျင်စပါးခင်းများတွင်တောင်သူလယ်သမားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍မိုးစပါးအတွက် ထွန်ယက်မြေပြုပြင်ခြင်း၊ EM အကျိုးပြုအဏုဇီဝမြေဩဇာရည်စုပေါင်းပက်ဖျန်းခြင်းတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။

EMအကျိုးပြုအဏုဇီဝမြေဩဇာရည်သည် ပေါင်းမြက်များဆွေးမြည့်မှုကိုလျင်မြန်စွာဖြစ်ပေါ်စေကြောင်း၊ စပါးပင် သက်တမ်းတစ်လျှောက်၌ တစ်ဧကလျှင်လီတာ၂၀ကို (၃)ကြိမ်ပက်ဖျန်းပေးခြင်းဖြင့် မြေဆီလွှာကောင်းမွန်ရေးအတွက် အထောက်အကူဖြစ်စေသည့်အတွက်ဇောင်ချမ်းကုန်း၊ ကဖြူ၊ ကန်သာကုန်းကျေးရွာများရှိ လယ်ယာမြေ ဧက ၂၅၀၌ တောင်သူများက စုပေါင်းပက်ဖျန်းလျက်ရှိကြကြောင်း သိရှိရသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးသည် ကဖြူကျေးရွာအုပ်စုတွင် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ ရေသွင်းစပါးစိုက်ရန် ငါးပွင့်ဆိုင် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုအားပေးရာ တိုင်း၊ ခရိုင်၊မြို့နယ်တာဝန်ခံများကရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ညပိုင်းတွင် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တောင်သူလယ်သမားများနှင့်တွေ့ဆုံပြီး မြေအောက်စက်ရေတွင်းများ တူးဖော်၍စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကိစ္စရပ်များ၊ ကျေးရွာဖွံ့ဖြိုးရေးကိစ္စများကိုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး မိတ္ထီလာမြို့နယ် ကဖြူကျေးရွာအုပ်စု ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ ရေသွင်းစပါးစိုက်ရန် ငါးပွင့်ဆိုင်စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုအားပေးစဉ်။ (လယ်/ဆည်)

✳ နားမကြားသူများမှ

အများစုမှာ အသက်အရွယ်ကြီးရင့်သူများ၏ နားအတွင်း အမွေးဆဲလ်များပြန်လည်ကြီးထွား ပေါက်ရောက်ခြင်းမရှိသည်ကို တွေ့ရသည်။ သို့သော်လည်း အထက်ပါလေ့လာတွေ့ရှိချက်အရ နားပင်း၊ နားထိုင်းသူများအတွက် နားပြန်လည်ကြားနိုင်သည့် ကုထုံးတစ်ရပ်ဖြစ်လာနိုင်သည်။

အဆိုပါသုတေသနလေ့လာတွေ့ရှိချက်ကို အောရီဂွန် ကျန်းမာရေးနှင့် သိပ္ပံတက္ကသိုလ်မှ ပါမောက္ခ လွှန်ဘရိုတ် ဦးဆောင်သောအဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

❍ ကျောဖုံးမှ

မြန်မာဘာသာ

Messx သည် မိုဘိုင်းလ်ဖုန်းများကို မြန်မာဘာသာဖြင့် SMS ပို့နိုင်ပြီးတယ်လီဖုန်း၏ လိပ်စာမှတ်တမ်းကို မြန်မာဖြင့် သုံးနိုင်သည်။ Address book ကို ယခင် တယ်လီဖုန်းနံပါတ်များဖြင့် စုစည်းဖော်ပြမည့်အစား မြန်မာအမည်ပေးထားသည့် နာမည်များဖြင့် စုစည်းပေးထားသည်။ တယ်လီဖုန်းခေါ်ခြင်း၊ လက်ခံခြင်း၊ SMS ခေါ် သတင်းတိုပို့ခြင်း၊ လက်ခံခြင်းတို့တွင် တယ်လီဖုန်းနံပါတ်ဖြင့် သိမ်းဆည်းမည့်အစား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များဖြင့် သိမ်းဆည်းပေးသွားမည်ဖြစ်သည်။ ထို့အပြင် Messx ကို သုံးစွဲသူတိုင်းအတွက် စွဲမက်သွားစေမည့် စွမ်းဆောင်ရည်တစ်ခုမှာ ခလုတ်တစ်ချက်နှိပ်ရုံဖြင့် တယ်လီဖုန်းမှ အချိန်နာရီကို မြန်မာဘာသာ အသံထွက်ဖြင့် ပြောပြပေးနိုင်ခြင်းပင်ဖြစ်သည်။

အင်္ဂလိပ်-မြန်မာ အဘိဓာန်

Messx ကဲ့သို့ပင် မိုဘိုင်းလ်တယ်လီဖုန်းများတွင် အသုံးချနိုင်မည့် နောက်ထပ်ဆော့ဖ်ဝဲတစ်ခုမှာ

DEFINED, Mobile ဟု အမည်ရှိသည့် ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ မိုဘိုင်းလ် အဘိဓာန်။

DEFINED: Mobile ဟု အမည်ရှိသည့် ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာမိုဘိုင်းလ်အဘိဓာန်ဖြစ်သည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ဝေထားသည့် စာမျက်နှာ ၁၆၀၀ ရှိသည့် ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို မိုဘိုင်းလ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။ အင်္ဂလိပ်ဝေါဟာရပေါင်း၂၄၀၀၀ကျော်ပါဝင်ပြီးကျောင်းသား၊ကျောင်းသူများသာမက အင်္ဂလိပ်စာကို ရသည့်အချိန်အတွင်း လေ့လာလိုက်စားသူများအတွက်ခရီးသွားစဉ်၊ မိမိတို့လုပ်ငန်းများကို လုပ်ဆောင်နေစဉ် အလွယ်တကူ အသုံးပြုနိုင်သည်။ လိုရင်းကို တိုတိုနှင့်ရှင်းလင်းအောင် ဖော်ပြပေးထားသည်။

အိုင်တီလောကတစ်ခေတ်ဆန်း

မိုဘိုင်းလ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်သည့် ကျောင်းသားသုံး အင်္ဂလိပ်-အင်္ဂလိပ်-မြန်မာအဘိဓာန်ကိုလည်း မိုဘိုင်းလ်တယ်လီဖုန်းများပေါ်တွင်အသုံးပြုနိုင်အောင် တီထွင်ရေးချပေးနိုင်သည်မှာလည်းမြန်မာအိုင်စီတီလောကအတွက် တစ်ခေတ်ဆန်းလာသည့်နည်းပညာ ဖွံ့ဖြိုးမှုဟုခေါ်ဆိုနိုင်မည်ဖြစ်သည်။ ယခင်က စာအုပ်အသွင်ဖြင့်ရှိနေသောအဘိဓာန်ကို သွားလေရာ ကိုယ်နှင့်အတူပါနေသည့် မိုဘိုင်းလ်တယ်လီဖုန်းတွင် ထည့်သွင်း အသုံးပြုနိုင်သည်ဖြစ်ရာ ပညာရှာမှီးလိုသူတို့အတွက် သာမကလူတိုင်းအတွက်များစွာအကျိုးရှိစေမည့်စွမ်းဆောင်မှုတစ်ရပ် ဖြစ်သည်။

လေ့ကျင့်ခန်းများ

မိုဘိုင်းလ်အဘိဓာန်သည် လက်ရှိဈေးကွက်တွင်ရှိနေသည့်မူရင်းအဘိဓာန်စာအုပ်ဈေးထက် ထက်ဝက်ခန့်သာကုန်ကျမည်ဖြစ်သည်။ အီလက်ထရွန်နစ်အဘိဓာန်များထက် ရှစ်ဆမျှဈေးသက်သာသည်ဟုဆိုနိုင်သည်။ မိုဘိုင်းလ်ဖုန်း ကိုင်ဆောင်သူများအတွက် သွားလေရာသယ်ဆောင်နိုင်သည့် အဘိဓာန်လည်း ဖြစ်သည်။ ထို့အပြင် ကျောင်းသားသုံးဖြစ်၍ ကျောင်းသားများအတွက် Vocabulary Builder ကို ထည့်သွင်းပေးထားသည်။

အခြေခံပညာ အထက်တန်းကျောင်းသား (Grade-10 နှင့် Grade-11) အတွက် ရည်ရွယ်ထားပြီး ကျောင်းသားများအတွက် သိသင့်နားလည်သင့်သည့်ဝေါဟာရစကားလုံးပေါင်း ၁၀၀၀ ခန့်ကို တယ်လီဖုန်းပေါ်တွင်ပင်အပြန်အလှန်လေ့ကျင့်နိုင်အောင် ပြုလုပ်ပေးထားသည်။ အခြေခံပညာ ကျောင်းသားများအတွက်သာမက နိုင်ငံတကာအဆင့် အင်္ဂလိပ်စာ စာမေးပွဲများဖြေဆိုရန် ကြိုးစားနေကြသူများအတွက်လည်း အလားတူ လေ့ကျင့်ခန်းများ ထည့်သွင်းပေးထားသည်။

ကွန်ပျူတာဖြစ်စေ၊ မိုဘိုင်းလ်ဖုန်းဖြစ်စေ မြန်မာဘာသာစကားနှင့် အသုံးပြုနိုင်ရန် ဤစွမ်းဆောင်ချက်သည် ငွေကြေးအတိုင်းအတာထက် မြန်မာလူမျိုးများကိုယ်တိုင် တီထွင်နိုင်စွမ်းရှိသည်ကို ပြသနိုင်ခြင်းဖြစ်ပေရာမြန်မာနိုင်ငံတွင်တစ်ခေတ်ဆန်းလာသည့် မိုဘိုင်းလ်ဖုန်းဆက်စပ်နည်းပညာသစ် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ။

● ဟာရီကိန်းမှ

ဟေတီနှင့် ပျူဟာတိုရီကိုနိုင်ငံတို့တွင် မိုးများသည်းထန်စွာ ရွာသွန်းစေပြီး ပျူဟာတိုရီကိုတွင် မြစ်ရေတွင် မျောပါ၍ တက္ကသိုလ်ကျောင်းသူတစ်ဦး သေဆုံးသည်။

ဟန်နားမုန်တိုင်း၏ အများဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင်၇၀(၁၁၀ကီလိုမီတာ)သို့ ကျဆင်းသွားသော်လည်း တစ်ရက်အတွင်း ဟာရီကိန်းမုန်တိုင်းအဆင့် တစ်နာရီလျှင် ၇၄မိုင်(၁၁၉ကီလိုမီတာ) သို့ ပြန်လည်ရောက်ရှိနိုင်သည်ဟု မီယာမီရှိ ဟာရီကိန်းမုန်တိုင်း ဗဟိုဌာနက ပြောကြားသည်။

မိုးလေဝသကြိုတင်ခန့်မှန်းသူများက ၎င်းမုန်တိုင်းသည် သောကြာ သို့မဟုတ် စနေနေ့တွင် အမေရိကန်ကမ်းခြေသို့ ဝင်ရောက်လိမ့်မည်ဟု ဆိုသည်။ တပ်စ်နှင့်ကိုင်ကိုစ့်ကျွန်းများတွင် အသေအပျောက်နှင့် အပျက်အစီးသတင်းများကို ချက်ချင်းမရရှိသေးဟုဆိုသည်။

အသစ်ဖွဲ့စည်းပေါ်ပေါက်လာသော အိုင်ကီးအပူပိုင်းမုန်တိုင်းသည် အတ္တလန္တိတ် သမုဒ္ဒရာကိုဖြတ်၍ အနောက်ဘက်သို့ ရွေ့လျားနေသည်။ ခန့်မှန်းခြေအားဖြင့် တနင်္ဂနွေနေ့တွင် ဘဟားမားအနီးသို့ ရောက်ရှိနိုင်သည်။ ၎င်းသည် တစ်နာရီလျှင် မိုင် ၄၀ (၈၅ကီလိုမီတာ)နှုန်းဖြင့် တိုက်ခတ်ပြီး ယခုထက် ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းထားသည်။

အင်တာနက်။

အမျိုးသားဟာရီကိန်းမုန်တိုင်းဗဟိုဌာနမှ တာဝန်ရှိသူတစ်ဦး မုန်တိုင်းများ ဖြစ်ပေါ်ရွေ့လျားမှုများ စောင့်ကြည့်နေသည်ကို စက်တင်ဘာ ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆိုအကအရေးအတီးပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅	၅။	မြန်မာစာမြန်မာစကား
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၂၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၄၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	**ကာတွန်းအစီအစဉ် -ကျားကလေးရဲ့မွေးရပ်မြေ အပိုင်း(၂၆)**
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**မြန်မာဗီဒီယိုဇာတ်လမ်း အိပ်မက်ဆိုးမှမနိုးခင် (အပိုင်း-၂)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့နောက်ကွယ် အပိုင်း(၁၉)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ်(၁/၁၉၉) ဆွာချောင်းတံတား တည်ဆောက်ရေး စီမံကိန်းသို့ရောက်ရှိပြီး တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်း P1နှင့် P2 ကြား သံကူကွန်ကရစ် ကြမ်းခင်းဆောင်ရွက်နေမှု၊ တံတားလက်ရမ်းများ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှု စစ်ဆေးကာ စီမံကိန်း ရှင်းလင်းဆောင်၍ တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁၄)မှ တာဝန်ခံအင်ဂျင်နီယာက တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တံတားကြမ်းခင်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြရာ တံတားဦးစီးမှ အင်ဂျင်နီယာမှူးကြီး ဦးစိန်မောင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ကာလထက် စောပြီးအောင် စီမံချက်ရေးဆွဲ၍ ဆောင်ရွက်ရန်နှင့် အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် ချဉ်းကပ်လမ်း လုပ်ငန်းများကိုလည်း တံတားလုပ်ငန်းများပြီးစီးသည်နှင့် တစ်ပြေးညီပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆွာချောင်းတံတားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်း အကျယ် ၄၈ ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီ ပါရှိကာ ခွင့်ပြုယာဉ်အလေးချိန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ပြီး ယခုအခါ တံတားလုပ်ငန်းများ အားလုံးပြီးစီး၍ P1 နှင့် P2 ကြားရှိ သံကူကွန်ကရစ် ကြမ်းခင်းနှင့် တံတား၏ လက်ရမ်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာပေဟောပြောပွဲကျင်းပ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂

ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ ညောင်လေးပင်မြို့ စေတနာ နာရေးကူညီမှုအဖွဲ့၏ စီစဉ်မှုဖြင့် မြတ်စေတနာစာပေဟောပြောပွဲကို ဩဂုတ် ၃၀ ရက်က ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က မြတ်စေတနာခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ထို့နောက် ညောင်လေးပင် အထက(၁)တွင် ညောင်လေးပင်မြို့ စေတနာ နာရေးကူညီမှုအဖွဲ့နှင့် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ၏ ပူးပေါင်းစီစဉ်မှုဖြင့် "ကျေးဇူးကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲ"ကျင်းပရာ အမျိုးသားစာပေဆုရ စာရေးဆရာကြီး လယ်တွင်းသားစောချစ်၊ လူငယ်ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)တို့က ဟောပြောကြသည်။

အခမ်းအနားတွင် အလှူရှင် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီကိုယ်စား မန်နေဂျာ ဦးဇော်လင်းဦးက ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၅၀၀၀၀၊ ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က ကျောင်းစာကြည့်တိုက်အတွက် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (ကြေးမုံ)

ကျန်းမာရေးဆိုင်ရာအင်တာနက်သတင်း

လှေကားထစ်များကို အသုံးပြုသူ အသက်ပိုရှည်မည်ဟုဆို

ဂျီနီဗာ စက်တင်ဘာ ၁

အသက်ရှည်ရှည်နေထိုင်ရန် လူအများအလုပ်လုပ်ရာတွင် ရွေ့လျားစက်လှေကားအစား ရိုးရိုးလှေကားထစ်များအသုံးပြုသင့်ကြောင်း တနင်္လာနေ့တွင် ဆွစ်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ရုံးဌာန အဆောက်အအုံအတွင်း အထပ်တစ်ခုမှအထပ်တစ်ခုသို့ ပုံမှန်လမ်းလျှောက်ခြင်းဖြင့် အသက်ဘေးမှ ၁၅ ရာခိုင်နှုန်း လျော့နည်းကြောင်း ဂျီနီဗာတက္ကသိုလ်ဆေးရုံ၌ လေ့လာသည့် အဖွဲ့ခေါင်းဆောင် ဖိလစ်မီရာက ပြောကြားသည်။

လှေကားထစ်များကို အသုံးပြုခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ ကိုယ်ခန္ဓာဖွံ့ဖြိုးခြင်းနှင့် သွေးခုန်နှုန်း တိုးတက်ကောင်းမွန်လာကြောင်း မီရာ၏ပြောကြားမှုကို ကိုးကားပြီး ဆွစ်အင်ဖို သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။ ၎င်းတို့လေ့လာရန်အတွက် ဂျီနီဗာတက္ကသိုလ်မှ ရုံးဝန်ထမ်း ၇၇ ဦးအား သုံးလတာကာလကျော် လှေကားများသာအသုံးပြုရန်စည်းရုံးခဲ့ကြောင်း ဆွစ်အင်ဖိုက ဖော်ပြသည်။

ထိုသို့ပြုလုပ်ခြင်းအားဖြင့် သွေးထဲသို့ အောက်ဆီဂျင်ပိုရောက်စေသည့် ကိုယ်လက်လှုပ်ရှားအားကစားနည်းလုပ်နိုင်စွမ်း ပမာဏတိုးမြင့်လာပြီး ခါးတုတ်ခြင်း၊ ကိုယ်အလေးချိန်၊ အဝလွန်ခြင်း၊ သွေးဖိအားနှင့် ကိုလက်စထရောလ်ကျဆင်းလာသည်။ သို့သော်လည်း ဤတွေ့ရှိချက်များ အတည်ပြုရန် ထပ်မံလေ့လာမှုများ လိုအပ်မည်ဟု ဖိလစ်မီရာက ပြောကြားသည်။ ***အင်တာနက်။***

ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

မြင်းခြံ စက်တင်ဘာ ၂

မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ၂၀၀၈-၂၀၀၉ ခုနှစ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက်က မြင်းခြံမြို့ လေးအိမ်တန်းဆိပ်ကမ်း၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးဝင်းရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်စိုးလှိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရေလုပ်ငန်းရှင်များ စုပေါင်း၍ ငါးမြစ်ချင်း(ငါးသန်)ကောင်ရေသုံးသိန်းကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ကြကြောင်း သိရသည်။ (၁၁၄)

ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင်ကညွတ်

သတင်း-သတင်းထောက်မောင်မောင်(ကျောက်မဲ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲ၊ သီပေါမြို့နယ်များအတွင်းရှိ ရှမ်းတောင်သူများသည် အိမ်နီးချင်းနိုင်ငံများတွင် လူသုံးများပြီး ဈေးကောင်းရလျက်ရှိသည့် ဆေးဖက်ဝင် ကညွတ်ပင်များကို စိုက်ပျိုးခဲ့ကြရာ ယခုအခါအောင်မြင်ဖြစ်ထွန်းလျက် အကျိုးအမြတ်ရရှိနေကြသည်ဟု သိရသည်။

ကညွတ်စို့ဖူး တစ်ပိဿာကို ကျပ်ငါးထောင် ဈေးရသည်။ လက်တစ်ဆုပ်စာ ကညွတ်စို့ဖူးတစ်စည်းလျှင် ကျပ် ၇၀၀ နှုန်းဖြင့် ကျောက်မဲဈေးကြီးတွင် ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။

ကညွတ်စို့ဖူးကို သား၊ ငါး၊ ပုစွန်တို့ဖြင့်ကြော်စား၊ ချက်စားကြသည်။ တချို့က မကျက်တကျက်ပြုတ်ပြီး ဓားနှင့် ပါးပါးလှီးကာ သုပ်၍စားကြသည်။ အရသာမှာ ချိုခါးအရသာရှိသည်။ ကညွတ်စို့ပြုတ်ရည်ကို နာနတ်ရည်၊ နွားနို့တို့ဖြင့် ရောစပ်၍ ဖျော်သောက်ကြသည်။

ကညွတ်စို့ဖူးကို စားလျှင် ဆီးချို၊ သွေးတိုး၊ အဆုတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးဝမ်းရောဂါ၊ အဆိပ်သင့်ရောဂါများ ပျောက်ကင်းပြီး ခန္ဓာကိုယ်အတွင်းရှိ မလိုအပ်သော အဆီများကျစေပြီး အခြားရောဂါများလည်း ပျောက်ကင်းစေသည်ဟု သိရသည်။

ကညွတ်စို့ဖူးတွင် ကယ်လိုရီ(Calories)၊ ပရိုတင်း(Protein)၊ ကာဘိုဟိုက်ဒရိတ်(Carbohydrates)၊ ဒိုင်တရီဖိုင်ဘာ(Dietary Fiber)၊ ပိုတက်စီယမ်(Potassium)၊ ဗိုက်တာမင်စီ(Vitamin-C)၊ဖောလစ်(Folate)၊ ဗိုက်တာမင်အေ (Vitamin-A) စသည့်ဓာတ်များ ပါဝင်သည်ဟု သိရသည်။

ယခု ရှမ်းပြည်နယ်တွင် စိုက်ပျိုးသော ကညွတ်ပင်သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ လယ်ကွင်းများထဲတွင် ရေကန်စွန်းပင်၊ ကနဖော့ပင်များနှင့် ရောထွေးပြီး ပေါက်လေ့ရှိသော ကညွတ်ပင်မျိုးနှင့် မတူကြောင်း သိရသည်။ ယခု ကညွတ်ပင်သည် ကုန်းမြေတွင် စနစ်တကျ အတန်းလိုက်စိုက်ပျိုးရသည်။ အပင်အမြင့် သုံးပေကျော်၊ လေးပေခန့်ရှိပြီး အပင်လုံးပတ် တစ်လက်မခန့်ရှိသည်။ ပဲစေ့လုံးခန့် အသီးလေးများသီးသည်။ စမုန်စပါးပင်နှင့် ပုံစံတူသည်။

ကညွတ်ပင်ကို စိုက်ပျိုးရာတွင် အစေ့ကို မြေဆွေးထည့်ထားသော ပျိုးပေါင်တွင် သုံးလခန့်ပျိုးရသည်။ အပင်ပေါက်လေးများ ထွက်လာသောအခါ ရွှေ့ပြီးအတန်းလိုက်စိုက်ပျိုးရသည်။ ဆယ်လခန့်ရောက်လျှင် အပင်အမြင့် သုံးပေကျော်ခန့်ရောက်ပြီး ကိုင်းအရွက်များဖြာလာသည်။ ၎င်းနောက် အပင်အောက်ခြေအမြစ်များမှ ကညွတ်စို့ဖူးအညွန့်များပေါက်လာသည်။ ကညွတ်စို့ဖူးအညွန့်သည် လက်သန်းခန့်မှ လက်မခန့်ထိရှိပြီး အရှည်တစ်တောင်ကျော်ရှိသည်။ အောက်ခြေ၌ နို့နှစ်ရောင်ရှိပြီး အဖျားတွင် အစိမ်းရောင်ဖူးညွှန့်လေးများရှိသည်။ ကညွတ်စို့ဖူးထွက်ချိန်သည် ကဆုန်လမှ တန်ဆောင်မုန်းလထိ ဖြစ်သည်။

ကညွတ်ပင်များကို ယခုအခါ နဂါးမောက်ခြံတောင်သူများကလည်း ၎င်းတို့၏ နဂါးမောက်ခြံတွင် နဂါးမောက်ပင်အတန်းကြား၌ စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ခဲမွန်ရွာရှိ အောင်မြင်ဖြစ်ထွန်းနေသော ဦးအိုက်ထွန်း၏ ကညွတ်စိုက်ခင်း တစ်စိတ်တစ်ဒေသကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် ခဲမွန်ကျေးရွာမှ ခြံတောင်သူ ဦးအိုက်ထွန်း ကညွတ်စို့ဖူးများကို လိုက်လံနုတ်ယူနေသည်ကို တွေ့ရစဉ်။

အဖွဲ့ဝင်နိုင်ငံများ အုပ်ချုပ်မှုနှင့် လုပ်ငန်းတာဝန်များ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လာရောက်ဆွေးနွေးပို့ချ

ရန်ကုန် စက်တင်ဘာ ၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ၏ အုပ်ချုပ်စီမံမှုဆိုင်ရာနှင့် အမှုဆောင်ကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ချမှတ်နိုင်ရေး စီမံကိန်းသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက သုဝဏ္ဏရှိ အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်းတွင် ကျင်းပသည်။

ယင်းသင်တန်းတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)မှ Windsor John၊ Urs Zanitti နှင့် David Borjaတို့က ဆွေးနွေးပို့ချကြပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် အမှုဆောင်များတက်ရောက်ကြသည်။ သင်တန်းအပြီးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က လာရောက်ပို့ချဆွေးနွေးသူ သုံးဦးအားအမှတ်တရ လက်ဆောင်ပေးအပ်သည်။ **(အောက်ဝဲပုံ)**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ယင်းစီမံကိန်းကို မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁ရက်နှင့် ၂ရက်တို့တွင် လာရောက် ပို့ချဆွေးနွေးခြင်းဖြစ်သည်။ မြန်မာနိုင်ငံအပြီး ကမ္ဘောဒီးယားနိုင်ငံ၌ ဆက်လက်ဆွေးနွေးပို့ချမည့် သင်တန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ အမှုဆောင်များဖြစ်ကြသည့် ဘဏ္ဍာရေးမှူး ဦးသန်းဇော်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)၊ နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့်လွင်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌဦးခင်ထွန်းတို့ တက်ရောက်ကြမည်ဖြစ်သည်။ (ကြေးမုံ)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားပြိုင်ကွင်း၌ ယနေ့ မွန်းလွဲ ၂နာရီက ပထမပွဲစဉ်အဖြစ် (ဃဃ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဘောလုံးအသင်းက ကျန်းမာရေးဝန်ကြီးဌာန ဘောလုံးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဒုတိယပွဲစဉ်အဖြစ် (ဃဃ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန ဘောလုံးအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုး၊မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများနှင့်မိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက် အားပေးကြသည်။

၃-၉-၂၀၀၈ရက် ပွဲစဉ်
(ကက)အုပ်စု
(နေပြည်တော်ကွင်း)
ရထားနှင့် နယ်စပ်/စည်ပင်
(ပေါင်းလောင်းကွင်း)
စက်မှု(၁)နှင့် အလုပ်သမား

(၁၀၇)

ကွင်းဆင်းပေးအပ်

ဩဂုတ် ၃၀ရက်က မရမ်းကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွှန့်ဦးနှင့် ဝန်ထမ်းများ (၃)ရပ်ကွက် ဓမ္မာရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်စဉ်။ (ကြေးမုံ)

SKY HOME Language Centre ဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၂

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ Tokyo West International Education Academy၏ရန်ကုန်ကျောင်းခွဲဖြစ်သောSKY HOME Language Centre မှ သင်တန်းသစ်များ ထပ်မံဖွင့်လှစ်လိုက်ကြောင်း သိရှိရသည်။

အသေးစိတ်သိရှိလိုပါက Tel- 535144၊ 535626၊ 09-5048520၊ 09-5014453၊ E.mail-info@skyhome.info၊ skyhome language@gmail.com၊ Website- www.skyhome.info တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂

၁-၉-၂၀၀၈ရက်တွင် ဦးဝင်းဇော်(ရေပြာ)သည် ကစားဖော်များဖြစ်ကြသည့် ဦးရဲလွင်(ကုန်သည်)၊ ဦးဝင်းကြည်(ကုန်သည်)၊ ဦးဟိန်းအောင်(ကုန်သည်)တို့နှင့်အတူ (ငွေသော်တာ)ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် (Trident Iron No)တုတ်(၈) ဂေါက်သီးအမျိုးအစား(Srixon No)(၃)ဖြင့် ရိုက်လိုက်ရာ ၁၃၃ ကိုက်အကွာရှိ ကျင်းအမှတ်(၁၆)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဒုက္ခသိမှ နိဗ္ဗာန်ရ"တရားတော် [ဆရာတော် အရှင်ပုညာနန္ဒ]
၈း၀၀ - ၂း၀၀	Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဦးတင်အောင်ရွှေ(သုတေသီ)
၈း၃၀ - ၂း၃၀	သီချင်းကောင်းကောင်း၊ သီချင်းတောင်း
၈း၅၀ - ၂း၅၀	အလှမျိုးစုံလင် တောင်လေ့ကားမြို့တော်တစ်ခွင်
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	Fashion Guide (လှပတော်ဝင် ရတနာဒီဇိုင်းဖက်ရှင်)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ - ၃း၄၀	ကနက်သီရိ ကျေးရွာမှ မမေ့နိုင်သောနေ့ရက်များ
၁၀း၁၀ - ၄း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	Midweek Sports News
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀ - ၄း၅၀	အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည်
၁၁း၁၀ - ၅း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (နဂါးမောက်ပင်စိုက်ပျိုးနည်း)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၂း၀၀ - ၆း၀၀	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ကိုစိန်ဝင်း)
၁၂း၃၅ - ၆း၃၅	Myanmar Video Rhythm
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်တာနက်အားကစားသတင်း

စပါးတိုက်စစ်မှူး ဘာဘာတော့ဗ် မန်ချက်စတာယူနိုက်တက်သို့ ရောက်ရှိ

လန်ဒန် စက်တင်ဘာ ၂

တော့တင်ဟမ်ဟော့စပါးမှ ဘူဂေးရီးယားတိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်မှာ ပြောင်းရွှေ့ကြေး ပေါင်ငွေ ၃၀ဒသမ၇၅သန်းဖြင့် မန်ချက်စတာယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။

မန်ချက်စတာယူနိုက်တက်တွင် ပါဝင်ကစားလိုသည့် မိမိ၏မျှော်မှန်းချက်အမှန်တကယ်ဖြစ်လာပြီဖြစ်ကြောင်း၊မန်ယူ၏အောင်မြင်မှုများ ထပ်ဆင့်ရရှိရေးအတွက် ကြိုးပမ်းဖြည့်ဆည်းသွားမည်ဖြစ်ကြောင်း အသက်(၂၇)နှစ်အရွယ်ရှိပြီဖြစ်သည့် ဘာဘာတော့ဗ်ကပြောကြားသည်။

မန်ယူအသင်းမန်နေဂျာ ဆာအလက်စ်ဖာဂူဆန်က 'ဒါဟာသော့ချက်ကျတဲ့ သဘောတူညီမှုပါပဲ၊ ဒီမီတာဟာ ကမ္ဘာပေါ်မှာ အကောင်းဆုံးနဲ့ စိတ်လှုပ်ရှားဖွယ်ကစားပြနိုင်ဆုံး တိုက်စစ်မှူး တစ်ယောက်ပါ' ဟုဖြည့်စွက်ပြောကြားသည်။

'သူ့ရဲ့ကစားဟန်နဲ့စွမ်းရည်က အသင်းကို ကွဲပြားခြားနားတဲ့ ပုံစံတစ်ခု ဖြစ်လာစေပါလိမ့်မယ်၊ ပြီးတော့ သူဟာလူကြိုက်များတဲ့ ထိပ်တန်းကစားသမားတစ်ယောက်ဖြစ်လာမယ်ဆိုတာလည်း သေချာပါတယ်'ဟု ဖာဂူဆန်က ပြောကြားသည်။

တနင်္ဂနွေနေ့စောစောပိုင်းက မြို့ခံပြိုင်ဘက်အသင်းဖြစ်သည့် မန်ချက်စတာစီးတီးအသင်းက ပေါင်ငွေသန်း ၃၀ကျော်ပေး၍ ဘာဘာတော့ဗ်ကို စပါးမှ ဝယ်ယူခဲ့ကြောင်းသတင်းများပေါ်ထွက်လာခဲ့သော်လည်း အပြောင်းအရွှေ့ရာသီပိတ်ချိန်တွင် ဘာဘာတော့ဗ်ကို ဝယ်ယူရေးကြိုးပမ်းမှုမှာ ပြဇာတ်ဆန်ဆန် အလှည့်အပြောင်းဖြင့် အဆုံးသတ်သွားခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

မုတ်သုံလေ အားနည်းမည်

ရန်ကုန် စက်တင်ဘာ ၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာ ကွက်ကျား၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့ အပြားမိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ဒသမ၁၂လက်မ၊ ခန္တီးမြို့တွင် ၂ဒသမ၈၄ လက်မ၊ မချမ်းဘောမြို့တွင် ၂ဒသမ၆၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ဒသမ၂၁ လက်မ၊ ပဲခူးမြို့တွင် ၂ဒသမ၀၉လက်မ၊ လှိုင်ကော်မြို့တွင် ၁ဒသမ၃၈လက်မ၊ ဂွမြို့တွင် ၁ဒသမ၂၂လက်မနှင့် ဇောင်းတူမြို့တွင် ၁ဒသမ၁၀လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားပျော့နေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

စက်တင်ဘာ ၃ရက် ညနေထိ ခန့်မှန်းချက်။ ။ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မုတ်သုံလေအားနည်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၂ ဒသမ၂ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၁-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်) ၂-၉-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂-၉-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၆နာရီခန့် ၁-၉-၂၀၀၈

မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲ အချိန်တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၆စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် လေးစင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ဟာရီကိန်း ဟန်နား ဘဟားမားကိုတိုက်ခတ် အပူပိုင်းမုန်တိုင်း အိုင်ကီးဖြစ်ပေါ်

ပရိုဗိုက်ဒင်းစီယာလက်စ် စက်တင်ဘာ ၂

ဟာရီကိန်းမုန်တိုင်း ဟန်နားသည် ဘဟားမားနှင့် အတ္တလန္တိတ်သမုဒ္ဒရာမှ ကျွန်းများအား ဝင်ရောက်တိုက်ခတ်စဉ် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားပျော့သွားသည်။ သို့သော် အမေရိကန်ပြည်ထောင်စု အရှေ့ဘက်ကမ်းခြေများသို့ ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် ဝင်ရောက်ရန် ခြိမ်းခြောက်ဆဲဖြစ်ကြောင်း မိုးလေဝသစောင့်ကြည့်လေ့လာသူများက ပြောသည်။

တပ်စ်နှင့် ကိုင်ကို့စ် ကျွန်းများ၏ မြို့တော် ပရိုဗိုက်ဒင်းစီယာလက်စ်မြို့ကို ဝင်မွှေရာ သစ်ပင်များ အမြစ်မှ ပြုလဲကာ လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်ခဲ့သည်။ ကျူးဘား၊

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ်၃၀ရက် ညနေပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် သာကေတ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံသို့သွားရောက်ပြီး Control Room တွင် ဓာတ်အား အဝင်/အထွက် ထိန်းချုပ်ပေးသည့် Control Panel များအခြေအနေ၊ (33 KV Side)Blue Phase Current Transformer အသစ်အစားထိုး တပ်ဆင်ပြီးစီးမှုများအတွက် လျှပ်စစ်ပိုင်းဆိုင်ရာများ တိုင်းတာစစ်ဆေးခြင်းအား ကျွမ်းကျင်လျှပ်စစ်ဝန်ထမ်းများဖြင့် စစ်ဆေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က Current Transformer အသစ်တပ်ဆင်ခြင်းနှင့် စစ်ဆေးတိုင်းတာမှုများ စနစ်တကျရှိစေရေး၊ ဓာတ်အားလိုင်းများနှင့် Transformer များ ရေရှည်အသုံးပြုနိုင်စေရေးတို့ကိုမှာကြားပြီး ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒေါ်အောင်ဆန်းစုကြည်၏ တင်ပြချက်အရ တာဝန်ရှိသူများက ဦးကြည်ဝင်းအား ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံခွင့်ပြုခဲ့

နေပြည်တော် စက်တင်ဘာ ၂

ဒေါ်အောင်ဆန်းစုကြည်က ရှေ့နေဦးကြည်ဝင်းနှင့် တတိယအကြိမ် တွေ့ဆုံလိုကြောင်း တင်ပြသည့်အတွက် စက်တင်ဘာ ၁ ရက် နံနက် ၉ နာရီခန့်တွင် ဦးကြည်ဝင်းအား ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ဝင်ရောက်တွေ့ဆုံနိုင်ရန် တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အကြံပြုချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်လက်ဆွေးနွေး နိုင်ရေးအတွက် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် စိမ်းလဲ့ကန်သာဧည့်ရိပ်သာ၌ တွေ့ဆုံနိုင်ရေး စီစဉ်ထားကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းတို့သားအမိ၏ ကျန်းမာရေး စစ်ဆေးရန် ဒေါက်တာတင်မျိုးဝင်းအား စက်တင်ဘာ ၁ရက် မွန်းလွဲ ၁ နာရီတွင်လာရောက်ဆောင်ရွက်မည်ဖြစ်ကြောင်းဖြင့် ဦးကြည်ဝင်းအား သက်ဆိုင်ရာတာဝန်ရှိသူများက မှာကြားလိုက်ကြောင်း၊ ဦးကြည်ဝင်းသည် ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံပြီးနောက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ပြန်ထွက်လာပြီး ဒေါ်အောင်ဆန်းစုကြည်က ဦးအောင်ကြည်နှင့် တွေ့ဆုံရေးနှင့်ပတ်သက်၍ ရှေ့နေဦးကြည်ဝင်းမှလွဲပြီး မည်သူ့ကိုမျှ မတွေ့လိုသေးကြောင်း၊ ဒေါက်တာတင်မျိုးဝင်းကိုလည်း ယနေ့မတွေ့နိုင်ကြောင်း ပြောကြားသည်ဟု ဦးကြည်ဝင်းက တာဝန်ရှိသူများအား ပြန်လည်သတင်းပို့ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုဘိုင်းလ်ဖုန်း ဆက်သွယ်ရေးနှင့် ဆက်စပ်နည်းပညာသစ်ကို လူငယ်လူရွယ်များ စိတ်ပါဝင်စားစွာလေ့လာနေကြစဉ်။(ကြေးမုံ)

မြန်မာနိုင်ငံတွင် တစ်ခေတ်ဆန်းသစ်လာသည့် မိုဘိုင်းလ်ဖုန်း ဆက်စပ်နည်းပညာသစ်

သတင်းဆောင်းပါး-မောင်အိုင်တီ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ၏ အိုင်စီတီ နည်းပညာသည် တစ်နေ့တခြား တိုးတက်လာလျက်ရှိရာ ယနေ့ကာလတွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း လိုက်နိုင်သည်အထိ တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။

အိုင်စီတီနည်းပညာ အောင်မြင်မှုများတွင် မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးနှင့် ဆက်စပ်နည်းပညာများကို ဖော်ထုတ်ပြသနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ မြန်မာနိုင်ငံမှ ကွန်ပျူတာလုပ်ငန်းများနှင့် အိုင်စီတီနည်းပညာရှင်များ၏ ကြံဆကြိုးပမ်း စွမ်းဆောင်မှုများကြောင့် ယခုအခါ မိုဘိုင်းလ်တယ်လီဖုန်းများတွင် ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာမိုဘိုင်းလ်အဘိဓာန်နှင့် မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်တွင် အရေးပါသည့် Messx application နှစ်မျိုးကို တီထွင်ထုတ်လုပ်ရောင်းချနေပြီဖြစ်သည်။ ယင်းတို့ကို ဂျီအက်စ်အမ် ဟန်းဆက်များတွင် သုံးနိုင်သည်။

Messx ဆိုသည်မှာ မိုဘိုင်းလ်တယ်လီဖုန်းများကို မြန်မာဘာသာနှင့် အသုံးပြုနိုင်အောင် တီထွင်ထားခြင်းဖြစ်သည်။ မိုဘိုင်းလ်တယ်လီဖုန်းများ၏ စွမ်းဆောင်ရည်အချို့မှာ မြန်မာဘာသာဖြင့် သုံးနိုင်သည့် ဆော့ဖ်ဝဲအမျိုးအစားပါဝင်ခြင်းဖြစ်သည်။ ၎င်းသည် SMS အခြေခံဆော့ဖ်ဝဲတစ်ခုလည်းဖြစ်ပြီး SMS ပို့၍ ရခြင်းသာမဟုတ်ဘဲ မိုဘိုင်းလ်တယ်လီဖုန်းကို မြန်မာဘာသာဖြင့် သုံးနိုင်အောင် ပြင်ဆင်ပြုလုပ်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍

နားမကြားသူများအား ကုသနိုင်သည့် ကုထုံးသစ် သိပ္ပံပညာရှင်များ သုတေသနပြုလေ့လာတွေ့ရှိ

အင်တာနက် ကျန်းမာရေးသိပ္ပံသတင်း



လူ၏နားအစိတ်အပိုင်းများနှင့် အကြားအာရုံခံ အစိတ်အပိုင်းများ ပြသသည့်ပုံ။

လန်ဒန် စက်တင်ဘာ ၂

ကြွက်သန္ဓေသားလောင်းများပေါ်တွင် မျိုးဗီဇကုထုံးကို အသုံးပြုခြင်းဖြင့် အကြားအာရုံဆုံးရှုံးသွားခြင်းအား လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်နှင့်အတူ အမွေးဆဲလ်များ ရှင်သန်ပေါက်ရောက်စေကာ နားပြန်ကြားစေနိုင်ကြောင်း သုတေသနသိပ္ပံပညာရှင် အဖွဲ့တစ်ဖွဲ့က လေ့လာတင်ပြထားသည်။

အခွင့်အလမ်း

ယင်းလေ့လာတွေ့ရှိချက်သည် လူသားများအတွက် များစွာအကျိုးပြုလိမ့်မည်ဟုဆိုသည်။ နားမကြားသူများ၊ နားအတွင်း ရောဂါတစ်ခုခုခံစားနေရသူများအတွက် နားပြန်ကြားလာနိုင်သည့် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။

နားပျက်စီး

လူသားများ၏ နားအတွင်း၌ အမွေးဆဲလ်ပေါင်း ၃၀၀၀ ခန့်ရှိသည်။ယင်းအမွေးဆဲလ်များမှာ ရောဂါတစ်ခုခုကူးစက်ခံရခြင်း၊ အသက်အရွယ်ရလာခြင်း၊ မျိုးရိုးလိုက်၍ဖြစ်ပွားသော ရောဂါများဖြစ်ပွားခြင်း၊ ကျယ်လောင်သောအသံများနှင့် အလွန်ပြင်းသောဆေးဒဏ်များခံရခြင်းတို့ကြောင့် နားပျက်စီးကာ နားထိုင်းခြင်း၊ နားမကြားခြင်းကို ဖြစ်စေသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ✳